ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (11-9-2005)(၄၇၁၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အပါအဝင် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းနေ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသနေပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်နယ်ဒေသအသီးသီးမှာ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ တွေ့မြင်ရ

ရန်ကုန် စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မိုင်းပန်တပ်နယ်နှင့် လင်းခေးတပ်နယ်တို့မှ တပ်မတော်အရာရှိများနှင့်အတူ လင်းခေးမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ လင်းခေးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း လင်းခေး-မိုးနဲကားလမ်းတစ်လျှောက်နှင့် မိုးနဲ-နမ့်စန်ကားလမ်းတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ အားကစားကဏ္ဍသည် အမျိုးသား စွမ်းရည်တစ်ခုဖြစ်သည့် လူမှုရေးစွမ်းရည်၌ အကျုံးဝင်လျက်ရှိရာ မြန်မာ့အားကစား အဆင့်အတန်း ကမ္ဘာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားလာစေရန် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ခေါင်းကြီး(စာမျက်နှာ-၂)

☆ ယခုအခါ ပြည်တွင်းခရီးသည် ပို့ဆောင်မှုတွင် သိသိသာသာ အောင်မြင်လျက်ရှိ၏။ မနှစ်က ခရီးစဉ် ၇၃၄ ခု၊ ခရီးသည် ၂၆၀၀၀ ခန့်နှင့် ဝင်ငွေ ကျပ် ၁၂၂ သန်းခန့် ဆောင်ရွက်နိုင်ခဲ့၏။

ငွေအောင်(ခရီးသွား)၏ "ဘယ်နေရာဘယ်သွားသွား" ဆောင်းပါး (စာမျက်နှာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၉-၂၀၀၅
(တနင်္ဂနွေနေ့)

ကိုယ်ရည်ကိုယ်သွေး စိတ်ဓာတ်ကြံ့ခိုင်အောင် ကြိုးပမ်း အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်လျက်ရှိရာတွင်နိုင်ငံတော်၏ အမျိုးသားစွမ်းရည်များဖြစ်သည့် ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည်များပါ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အားကစားကဏ္ဍသည် အမျိုးသားစွမ်းရည်တစ်ခုဖြစ်သည့် လူမှုရေးစွမ်းရည်၌ အကျုံးဝင်လျက်ရှိရာ မြန်မာ့အားကစား အဆင့်အတန်း ကမ္ဘာနှင့်ရင်ပေါင်တန်း တိုးတက်မြင့်မားလာစေရန် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေး ဦးတည်ချက်နှင့်အညီ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အားပေးမြှင့်တင်လျက်ရှိသည်။ ပြည်သူတစ်ရပ်လုံးကလည်း မြန်မာ့အားကစားအောင်မြင်မှု အပြည့်အဝရရှိစေရန်အင်တိုက်အားတိုက် မျှော်လင့်အားပေးနေသည့်ကာလဖြစ်သည်။

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၈ ရက်နေ့က ရန်ကုန်မြို့ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် **အားကစားအဆင့်အတန်း တိုးတက်အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးသည့် ဂုဏ်ဒြပ်ဖြစ်ခြင်းကြောင့် အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက် ခံယူကြိုးပမ်းသွားကြပါ** ဟူ၍ မှာကြားသွားသည်။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင်မြင်မှု ရရှိခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေ ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ကမ္ဘာ့အဆင့်မီ အားကစားသုတေသနလုပ်ငန်းများ၊ ခေတ်မီတိုးတက်သည့် အားကစားနည်းစနစ်များ၊ အထောက်အကူပစ္စည်းများနှင့် အားကစားအဆောက်အအုံများကို ဖြည့်ဆည်းတည်ဆောက်ပေးခဲ့သည်။

အားကစားဝန်ကြီးဌာနကို ဖွဲ့စည်း၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဖော်ဆောင်လျက်ရှိသည့်အပြင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းကို ဒီပလိုမာအဆင့် ပေးနိုင်သည်အထိ ဖွင့်လှစ်၍ အားကစားသမားများ မွေးထုတ်ပေးနေပေသည်။

တစ်ချိန်တည်းတွင် အားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်းတို့ဖြင့် အားကစား အတွေ့အကြုံများရရှိစေရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ကြောင့်ပင် ယခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် အာဆီယံအသက်(၂၀)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲနှင့် အာဆီယံအသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲများတွင် မြန်မာလူငယ်အသင်း အနိုင်ရဗိုလ်စွဲခဲ့သည်အထိ ဘောလုံးအားကစား တိုးတက်လာသည်ကို တွေ့ရသည်။

အားကစားသမားတစ်ဦးသည် အားကစားလောကတွင် ထူးချွန်အောင်မြင်ရန်အတွက် စိတ်ဓာတ်စွမ်းရည်နှင့် စည်းကမ်း ကောင်းမွန်ရန်လိုအပ်သည်။ စိတ်ဓာတ်ပိုင်းကြံ့ခိုင်ရန်နှင့် ကိုယ်ရည်ကိုယ်သွေး စွမ်းရည်ထက်မြက်နေရမည်ဖြစ်သည်။ အားကစားသမားများအနေဖြင့် အုပ်ချုပ်မှုစည်းကမ်း၊ လေ့ကျင့်မှုစည်းကမ်းနှင့် ပြိုင်ပွဲစည်းကမ်းများကို တိကျစွာလိုက်နာပြီး မိမိတို့၏ ကိုယ်ရည်ကိုယ်သွေး အစဉ်ထက်မြက်နေရန် ကြိုးစားလေ့ကျင့်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အားပေးပံ့ပိုးမြှင့်တင်မှုနှင့်အညီ အားကစားသမားတိုင်းက ထူးချွန်ထက်မြက်သည့် အားကစားသမားဖြစ်ရေးအတွက် ကိုယ်ရည်ကိုယ်သွေး စိတ်ဓာတ်ကြံ့ခိုင်လာစေရန် လုံ့လစိုက်ထုတ်ရင်း အားကစားအဆင့်အတန်း တိုးတက်အောင်မြင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေးကြိုးပမ်းသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-heum သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အားပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-heum ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမသို့လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းဓမ္မဒူတတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၀

မင်္ဂလာဈေး ဝါတွင်းသံဃဒါနဆွမ်းလောင်းအသင်းက ဦးစီးလျက် ဝါတွင်း ဓမ္မဒူတတရားပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတွင် ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၅ရက် (ကြာသပတေးနေ့)နှင့် စက်တင်ဘာ ၁၆ရက် (သောကြာနေ့) ည ၇နာရီတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နှစ်ပတ်လည် ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) နှစ်ပတ်လည် အထိမ်းအမှတ် ဟောပြောဆွေးနွေးပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံရှိ ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ အမှုဆောင်များ၊ ကွန်ပျူတာပညာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေးပွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင် **(အပေါ်ပုံ)** က Numerical Weather Prediction and ITs Prospects in Weather Forecasting ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးနှင့် ဆေးပညာဌာနမှ ဌာနမှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး နေစိုးမောင်က IT in Medicine and Health ခေါင်းစဉ်ဖြင့်လည်းကောင်း၊ MMRDမှ ဦးသူရိန်ငြိမ်းက Home Computer User ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Managing Partner မှ ဦးမင်းတေဇက Why Law Firms Should Be Involved in Information Technology Environment ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Living Colour Media မှ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက IT Utilization in Media Businessခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် အိုင်တီလောကတိုးတက်ရေးအတွက် အိုင်တီစကားဝိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် ကွန်ပျူတာပညာရှင်များ၏ မေးမြန်းဆွေးနွေးချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်တို့က ပြန်လည်ဆွေးနွေးဖြေကြားသည်။

(သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်ဘအားရည်စူး၍ ဒေါ်ရှီလာနှင့် သားသမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်း သုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပိဋကတ်သုံးပုံပါဠိတော် ဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၀

ပိဋကတ်သုံးပုံပါဠိတော် အုပ်ရေ အစုံ ၄၀ကို အစုံလိုက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေး ဝန်ကြီးဌာန၏ ဝိသုဒ္ဓါရုံနိဗ္ဗာန်ကုန်နှင့် သက်န်း ပရိက္ခရာဆိုင်ကြီး၊ ပဒေသရာဇာ စာအုပ်ရှာဆိုင်နှင့် သာသနာရေးဦးစီးဌာန အရောင်းဆိုင်တို့တွင် စက်တင်ဘာ ၁၂ ရက်မှစတင်၍ ဝယ်ယူလှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ရုံများ အဆင့်မီ တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုအခါ မြန်မာရုပ်ရှင်ကားတချို့ အဆင့်မီမီထုတ်လုပ်ပြီး ပြည်ပသို့ ထိုးဖောက်ပြသနေ တစ်ဖက်မှလည်း ရုပ်ရှင်ရုံများ အဆင့်မီ ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ဆောင်ရွက်ရန်လို

ရန်ကုန် စက်တင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ရုံများ အဆင့်မီ တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်နှင့် ပြည်နယ်နှင့်တိုင်းများ၌ ရုပ်ရှင်လုပ်ငန်းကို ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရည်ရွယ်ချက်ကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ရုပ်ရှင်ရုံများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်တင်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်တင်ရန် အချိန်လည်း ကျရောက်နေပြီဖြစ်ကြောင်း။

ကမ္ဘာ့ရုပ်ရှင်လောကကို ကြည့်မည်ဆိုလျှင် နိုင်ငံတကာတွင် ၎င်းတို့တိုင်းပြည်ရှိ ပြည်သူများကို ဖျော်ဖြေရန်အတွက်သာမက အဆင့်မြင့်ဇာတ်ကားများရိုက်ကူးပြီး ပြည်ပသို့ ရောင်းချ၍ နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနေသည့် Industry အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း။

အဆင့်မြှင့်တင်ရန်လို

မိမိတို့နိုင်ငံမှာ ယင်း Industry အဆင့်သို့ မတက်လှမ်းနိုင်သေးသော်လည်း ရုပ်ရှင်အဆင့်အတန်း တိုးတက်မြင့်မားအောင် ထုတ်လုပ်ရန်လိုသကဲ့သို့ တစ်ဖက်ကလည်း ရုပ်ရှင်ရုံများ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်တင်ရန် လိုအပ်နေပြီဖြစ်ကြောင်း။

ယခုအခါ မြန်မာ့ရုပ်ရှင်ကားတချို့မှာ အဆင့်မီမီ ထုတ်လုပ်ပြီး ပြည်ပသို့ ထိုးဖောက်ပြသနေပြီ ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမီ ထုတ်လုပ်နေသကဲ့သို့ ရုပ်ရှင်ရုံများ အဆင့်မီဖွံ့ဖြိုးတိုးတက်ရန် ရုပ်ရှင်ရုံ ပိုင်ရှင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရုပ်ရှင်ထုတ်လုပ်မှုနှင့် ပြသမှုအပိုင်းတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှသာ ရုပ်ရှင်ထုတ်လုပ်သူ၊ ပြသသူနှင့် ရုပ်ရှင်လောကသားများ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်ရမည့် ရည်ရွယ်ချက် (၅)ရပ်၊ ယင်းရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက်(၁၂)ချက်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များ ဆောင်ရွက်ရန် အချက် (၅) ချက်တို့ကို ချမှတ်ထားပြီးဖြစ်ကြောင်း။

ယင်းသို့ ရုပ်ရှင်ရုံများ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်ရန် ပြုပြင်ရာတွင် အချက်(၈)ချက်ဖြင့် ပြုပြင်ရမည်ဖြစ်ရာ ယင်းတို့မှာ လုံခြုံရေးအစီအမံများ ထည့်သွင်းတည်ဆောက်ရန်၊ အရုပ်ကြည်လင်ပြတ်သားသည့် ပြစက်များ ပြောင်းလဲတပ်ဆင်ရန်၊ အသံပိုင်းဆိုင်ရာတွင် စတီရီယိုအသံစနစ်ကို ရုပ်ရှင်ရုံများ၌ ပြောင်းလဲတပ်ဆင်ရန်၊ ပိတ်ကားအပါအဝင် အပြင်အဆင်များ ပြုပြင်ပြောင်းလဲရန်၊ လေဝင်လေထွက်နှင့် အပူအအေးစနစ်များ ဒေသနှင့်လျော်ညီ ခေတ်မီအောင် ပြင်ဆင်တပ်ဆင်ရန်၊ အလင်းအမှောင်ကောင်းအောင် ရုပ်ရှင်ရုံ၌ အလင်းပေးစနစ် ခေတ်မီအောင် ပြုပြင်ရန်၊ ထိုင်ခုံများ ခေတ်မီကောင်းမွန်အောင်ပြုပြင်ရန်နှင့် သန့်စင်ခန်းများ အနံ့အသက် ကင်းစင်ပြီး ခေတ်နှင့်လျော်ညီသည့်စနစ်ကို ပြုပြင်ပြောင်းလဲရန်တို့ ဖြစ်ကြောင်း။

အထက်ပါအချက်များကို အခြေခံပြီး ရုပ်ရှင်ရုံပိုင်ရှင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကူညီပံ့ပိုးသွားမည်

မိမိတို့ ဝန်ကြီးဌာနကလည်း ပါဝင်ကူညီပံ့ပိုး ပေးသွားမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ တက်ညီလက်ညီဖြင့် ရုပ်ရှင်ရုံများ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်တင်ခြင်းဖြင့် မိမိတို့၏ အနာဂတ်အကျိုး၊ ရုပ်ရှင်လောကသားများအကျိုး၊ နိုင်ငံတော်၏ အကျိုးအတွက် ဆောင်ရွက်ရာရောက်သဖြင့် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ရန် တိုက်တွန်းမှာကြား လိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသော ရုပ်ရှင်ရုံပိုင်ရှင်များနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ရုပ်ရှင်ရုံများကို နှစ်တို–နှစ်ရှည် ငှားရမ်းပြသနေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ရုံများအဆင့်မီ တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသော ရုပ်ရှင်ရုံ ပိုင်ရှင်များနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ရုပ်ရှင်ရုံများကို နှစ်တို–နှစ်ရှည် ငှားရမ်းပြသနေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က ရုပ်ရှင်ရုံများ သာယာလှပစေရေး၊ ရုပ်ရှင်ပြသမှု စနစ်အဆင့်အတန်း မြင့်မားစေရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်နေသူများက ရုပ်ရှင်ပြသရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသမှုစနစ် အဆင့်အတန်း မြင့်မားစေရေးအတွက် အကြံပြုတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာ အောင်ဇေယျလမ်းသွယ်(၂)နေ ကွယ်လွန်သူ မိဘဆွေမျိုးများနှင့် ခင်ပွန်း ဒုတိယရဲမှူးကြီး ဦးဝင်းမောင်ထွန်း၊ သား ဒုတိယ ရဲအုပ်စခန်းမှူး မောင်မောင်ဝင်းတို့အားရည်စူး၍ ဒေါ်ခင်ဆင့် (ကျောင်းဆရာမ၊ ငြိမ်း) မိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သာယာဝတီခရိုင် တေရသမအကြိမ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၀

သာယာဝတီခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်တွင် သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၅ ရက်တွင် ကျင်းပရာ ပြိုင်ပွဲသို့ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်များမှ ပြိုင်ပွဲဝင် ၁၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု ၃၄ ဆု၊ ဒုတိယဆု ၃၃ ဆု၊ တတိယဆု ၂၆ ဆုနှင့် အထူးဆု ၂၉ ဆုကို ဌာနဆိုင်ရာ တာဝန်ရှိသူများက အသီးသီး ချီးမြှင့်ကြသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက တံခွန်စိုက်ဒိုင်းဆုကို သာယာဝတီ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးထံ ပေးအပ်ချီးမြှင့်လိုက်သည်။ **(ဝဲပုံ)**

(သတင်းစဉ်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံဈေးနှုန်းမြင့်တက်မှုပြဿနာနှင့် စိန်ခေါ်မှုများရှိနေသော်လည်း အာရှဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်နှုန်းကောင်းမွန်မည်

မနီလာ စက်တင်ဘာ ၉

အာရှတိုက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာတစ်ဝန်း ရေနံဈေးနှုန်းကြီးမြင့်သည့်ပြဿနာနှင့် အခြားသော စိန်ခေါ်မှုများကို တွေ့ကြုံနေရသော်လည်း မဝေးသောအနာဂတ်ကာလတွင် ယင်းနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ရကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က ကြာသပတေးနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်နေမည်ဟု ခန့်မှန်းရကြောင်း၊ သို့ရာတွင် ရေနံဈေးနှုန်း ကြီးမြင့်လာမှု ပြဿနာသည် နိုင်ငံများ၏ စီးပွားရေး တည်ဆောက်မှုတွင် မရေရာမသေချာမှုများကို ဖြစ်စေသော အဓိကအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် အာရှနိုင်ငံများ၏ ဖွံ့ဖြိုးမှုအလားအလာဟူ၍ အမည်ပေးထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှနိုင်ငံများသည် စီးပွားရေး တိုးတက်မှုကို ဆက်လက်ထိန်းထားနိုင်မည်ဖြစ်သော်လည်း အာရှတိုက်တစ်တိုက်လုံးအနေဖြင့်မူ ၂၀၀၅ ခုနှစ်သည် ၂၀၀၄ ခုနှစ်ကထက် မရေရာမှုများနှင့် ပိုမိုတွေ့ကြုံရသည့် နှစ်ဖြစ်ကြောင်း၊ ၎င်းအပြင် စီးပွားရေးဆိုင်ရာ ပြဿနာများကို ပိုမိုရင်ဆိုင်ရသည့်နှစ်ဖြစ်ကြောင်း အေဒီဘီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု အထူးကောင်းမွန်ခြင်းကြောင့် ၂၀၀၅ ခုနှစ်တွင် အရှေ့အာရှဒေသ၏ စီးပွားရေး ပျမ်းမျှတိုးတက်မှုနှုန်းမှာ ၆ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း၊ အခြားသောအာရှနိုင်ငံများတွင်မူ ပြည်ပပို့ကုန်တိုးတက်မှုနှုန်း နှေးကွေးသွားခြင်းကြောင့် စီးပွားရေးပျမ်းမျှ တိုးတက်နှုန်း ၃ ဒသမ ၈ ရာခိုင်နှုန်းတွင် ရှိမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အရှေ့တောင်အာရှ ဒေသနိုင်ငံများသည် ရေနံဈေးနှုန်း ကြီးမြင့်လာသည့် ပြဿနာနှင့် ကောက်ပဲသီးနှံထွက်ရှိမှု လျော့နည်းသည့် ပြဿနာတို့ကို တွေ့ကြုံရသော်လည်း ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်း ဆက်လက်ကောင်းမွန်နေခြင်းနှင့် အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေ မြင့်မားတိုးတက်နေခြင်းကြောင့်ဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ အားတက်ဖွယ်ရာကောင်းကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် လူများကို ချုပ်နှောင်သတ်ဖြတ်မှုများရှိနေ နိုင်ငံတည်ငြိမ်ရေးနှင့် အေးချမ်းရေးကိုထိခိုက်ကြောင်း ကုလဖော်ပြ

ဘဂ္ဂဒက် စက်တင်ဘာ ၉

အီရတ်နိုင်ငံ ရဲတပ်ဖွဲ့စခန်းများအတွင်း စနစ်တကျဖမ်းဆီးမှုများပြုလုပ်ကာ နှိပ်စက်သတ်ဖြတ် ညှဥ်းပန်းမှုများရှိနေပြီး အကြမ်းဖက်မှုများလည်း တိုးပွားလာနေသည့်အတွက် နိုင်ငံ၏အခြေအနေသည် စိုးရိမ်စရာအဆင့်သို့ ရောက်ရှိနေကြောင်း ကုလသမဂ္ဂအဖွဲ့က စက်တင်ဘာ ၈ ရက်တွင် ထုတ်ဖော်သတိပေးခဲ့သည်။

ယခုလုပ်ရပ်များနှင့် ပတ်သက်၍ အစိုးရက လိုလားသော လက်နက်ကိုင်အဖွဲ့အစည်းများတွင် တာဝန်ရှိသည်ဟု အပြစ်ဆိုထားပြီး အစိုးရအနေဖြင့် ကြပ်မတ်ထိန်းသိမ်း ဖော်ထုတ်သင့်ကြောင်းကို ကုလသမဂ္ဂအစီရင်ခံစာတွင် ထောက်ပြထားသည်။

မကြာသေးမီအချိန်ကလည်း တရားဥပဒေပြင်ပမှ အရေးယူလုပ်ဆောင်မှုများကြောင့် သေဆုံးရသူ ၁၄ ဦးတို့၏ အလောင်းများကို ဘဂ္ဂဒက်မြို့တော်အနီး၌ တွေ့ရှိရကြောင်း အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် လူအမြောက်အမြားကို ဖမ်းဆီးနေသည် သာမက အဖမ်းခံထားရသူများကို အချိန်ကြာရှည်စွာ ချုပ်နှောင်ထားသည့် အပြုအမူများသည် လက်ရှိအီရတ်အစိုးရအပေါ် ပြည်သူထောက်ခံမှုကို ထိခိုက်စေနိုင်သည်ဟု ကုလသမဂ္ဂအထောက်အပံ့ခံ မစ်ရှင်တစ်ဖွဲ့က သတိပေးခဲ့သည်။

လူသေအလောင်းများကို ဘဂ္ဂဒက်မြို့တော်နှင့် အခြားဒေသများတွင် မကြာခဏတွေ့မြင်နေရသည်။ ထိုအဖြစ်အပျက်များမှာလည်း အီရတ် ပြည်ထဲရေးဌာန လက်အောက်ရှိ တပ်ဖွဲ့များ၏ လုပ်ဆောင်မှုနှင့် ဆက်စပ်ပတ်သက်မှုရှိနေကြောင်း သတင်းများက ဆိုသည်။

ယင်းကဲ့သို့ ဖြစ်ရပ်များသည် နိုင်ငံအတွင်း၌ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး အခြေအနေ များကို ထိခိုက်စေနိုင်သည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့များအကြားတွင် လက်မရွံ့တပ်ဖွဲ့များရှိနေကြောင်း ဆွန်နီများ၏ စွပ်စွဲချက်ကို ရှီယိုက်များ ကြီးစိုးသည့် အစိုးရအဖွဲ့က ငြင်းဆိုခဲ့သည်။ သို့ရာတွင် ရဲတပ်ဖွဲ့များအတွင်း မလျော်မကန်ပြုမူမှုများရှိနေကြောင်း ဝန်ခံခဲ့ပြီး ဖော်ထုတ် အရေးယူပေးမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားသည်။ လူအများကို သတ်ဖြတ်မှုများတွင် ဆွန်နီများတွင်လည်း တာဝန်ရှိကြောင်း၊ စွပ်စွဲမှုများလည်း ထွက်ပေါ်နေကြောင်း သိရသည်။

လွန်ခဲ့သော သီတင်းပတ်ခန့်က အီရန်နယ်စပ်တွင် မျက်နှာကိုအဝတ်ဖြင့်စည်းနှောင်ထားကာ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော အလောင်းပေါင်း ၃၆ လောင်းကို တွေ့ရှိသောကိစ္စပေါ်ပေါက်ခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် ဆွန်နီခေါင်းဆောင်ပိုင်းက ဒေါသတကြီး မကျေမနပ်ဖြစ်ခဲ့ကြသည်။ ပြီးခဲ့သည့် သောကြာနေ့ကလည်း ရဲတပ်ဖွဲ့ဝင်အချို့ပါဝင်သော လူ ၁၄ ဦးတို့၏ အလောင်းများကို ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့မှပြောကြားသည်။

ထိုအလောင်းများကို စစ်ဆေးခဲ့ရသော မာမွတ်ဒီယာဆေးရုံမှ ဆရာဝန်များက ထိုသူများမှာ လွန်ခဲ့သော နှစ်ရက်ကတည်းက သေဆုံးခဲ့ဟန်ရှိကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ကွန်ဂိုတွင် လေယာဉ်တစ်စင်းပျက်ကျ

ကင်ရှာဆာ စက်တင်ဘာ ၁၀

ကွန်ဂိုနိုင်ငံ မြောက်ပိုင်း၌ ခရီးသည် ၁၃ ဦး လိုက်ပါလာသော အင်တိုနော့ဗ် ၂၆ အမျိုးအစားလေယာဉ်တစ်စင်း ပျက်ကျသွားကြောင်း စက်တင်ဘာ ၁၀ ရက်နေ့တွင် ဘရာဇာဘီးလ်မှ လာသော သတင်းများအရ သိရသည်။

ထိုလေယာဉ်သည် ဘရာဇာဘီးလ်မြို့တော်၏ မြောက်ဘက် ကီလိုမီတာ ၅၀ အကွာတွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။ ကယ်ဆယ်ရေး အဖွဲ့သားများက အခင်းဖြစ်ပွားရာသို့ သွားရောက်ကြသောအခါ ယူကရိန်းလူမျိုးလေယာဉ်အဖွဲ့သား လေးဦးအပါအဝင် အလောင်း ၁၃လောင်းကို တွေ့ရှိကြရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း လုံခြုံရေးတင်းကျပ်မှုများ ပြုလုပ်ထားစဉ်အတွင်း မသင်္ကာသူတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက်တွင် စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



နိုင်ငံတကာသတင်းများ

အယ်လ်ဆာဗေဒိုတွင် မိုးရွာပြီးမြေပြိုမှုဖြစ် လူခြောက်ဦး အသက်ဆုံးရှုံး

စန်ဆာလ်ဗေဒို စက်တင်ဘာ ၉

အယ်လ်ဆာဗေဒိုတွင် စက်တင်ဘာ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုသည့်အတွက် အနည်းဆုံး လူခြောက်ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

သေဆုံး

စန်ဆာလ်ဗေဒိုမြို့တော်၏ အရှေ့မြောက်ဘက်ရှိ ကလူဒက်ဒယ်လ်ဂါဒိုမြို့တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ အသက် ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ သူမ၏တစ်နှစ်အရွယ်ကလေး တစ်ဦးနှင့် အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ သေဆုံးကြရကြောင်း အရေးပေါ် ကယ်ဆယ်ရေးဌာနက ပြောကြားသည်။ ဒယ်လ်ဂါဒိုတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွင် အခြားနှစ်ဦးလည်း သေဆုံးခဲ့ရသေးသည်ဟု သတင်းများထွက်ပေါ်လာသော်လည်း အတည်ပြုနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

မြို့တော်၏ မြောက်ဘက်ရှိ မီဂျီကာနို့စ်အရပ်တွင် ရွှံ့မြေများပြိုဆင်းလာသည့်အတွက် ပိမိပြီး လူတစ်ဦးသေဆုံးခဲ့ရသည်။ နိုင်ငံ၏တောင်ဘက် စိန်မာကို့စ်အရပ်တွင်လည်း နံရံတစ်ခုပြိုကျရာ ထိုနေရာ၌ ရောက်နေသော ကလေးတစ်ဦးနှင့် ကလေးမိခင်တို့ အသက်ဆုံးရှုံးကြရသည်။

အန္တရာယ်များ

အယ်လ်ဆာဗေဒိုနိုင်ငံတွင် သီတင်းပတ်ပေါင်းများစွာ မိုးသည်းသည်းမည်းမည်း ရွာသွန်းခဲ့သည့်အတွက် မြေသားများမှာ ရေနူးနေပြီးမြစ်ရေများသည်လည်း လျှံတက်လာလျက်ရှိသည်။ ထိုအခြေအနေကြောင့် မတ်စောက်သော တောင်စောင်းမြေများနှင့် မြစ်ကမ်းနံဘေး အဆောက်အအုံများမှ လူနေထိုင်ရန်မသင့်တော်ဘဲ အန္တရာယ်များသည့် အနေအထားတွင်ရှိကြောင်း သိရသည်။

စန်ဆာလ်ဗေဒိုမြို့တော်၏ အရှေ့ဘက်ရှိ အလိုပန်ဗိုရေကန်ကြီးဝန်းကျင်မှ ဒုက္ခရောက်နေသူ မိသားစု ၄၅ စုတို့ကို သက်ဆိုင်ရာများက ကယ်တင်ခဲ့ရသည်။ ထိုအုပ်စုတွင် မြေပြို၍ဒဏ်ရာအနာတရဖြစ်ခဲ့ရသူ လူခြောက်ဦးတို့လည်း ပါဝင်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်သည် သတင်းသမားများအတွက် အန္တရာယ်ကြီး

နယူးယောက် စက်တင်ဘာ ၉

အေပီသတင်းဌာနမှ ဓာတ်ပုံဆရာတစ်ဦးသည် အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ဒဏ်ရာရရှိခဲ့သည် ဆိုသောသတင်းကို အေပီသတင်းဌာနက စက်တင်ဘာ ၈ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသတင်းကြောင့် အီရတ်တွင် သတင်းလိုက်နေစဉ် ထိခိုက်ဒဏ်ရာရသောစာရင်းတွင် သတင်းသမား တစ်ဦး ထပ်မံတိုးလာခြင်းပင်ဖြစ်သည်။ ထိုသတင်းသမားသည် စက်တင်ဘာ ၈ ရက်က ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏အဖြစ် အပျက်နှင့်ပတ်သက်၍ သတင်းအပြည့်အစုံရရှိရန် အေပီသတင်းဌာနက ကြိုးစားနေဆဲဖြစ်သည်။

၎င်းသတင်းထောက် ဒဏ်ရာရရှိသွားစဉ်အချိန်က အခင်းဖြစ်ပွားရာနေရာတွင် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းမှုများပြုလုပ်နေကြချိန်ဖြစ်ကြောင်း သိရသည်ဟုဆိုသည်။ ဒဏ်ရာရရှိသွားသူ သတင်းသမားနှင့်ပတ်သက်သော သတင်းကိုဖော်ပြရာ၌ ထိုသတင်းသမား၏အမည်ကို သတင်းဌာနက ထုတ်ဖော်ပြောကြားခဲ့ခြင်း မပြုဘဲထားသည်။ ၎င်းဓာတ်ပုံသတင်းထောက်မှာ လက်နှင့်ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့သော်လည်း အသက်အန္တရာယ် မစိုးရိမ်ရဟု ဆိုသည်။

ပြီးခဲ့သောလအတွင်းကလည်း အမေရိကန်တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ဝါလစ်ခါလက်ဆိုသူ ရိုက်တာသတင်းဌာနမှ အသံဘက်ဆိုင်ရာ သတင်းသမားတစ်ဦး သေဆုံးခဲ့ရသည်။ ၎င်းနှင့်အတူ သတင်းလိုက်နေသူ ရိုက်တာသတင်းမှ ရုပ်သံကင်မရာသမားမှာလည်း ဒဏ်ရာ ရရှိသွားသည့်အပြင် အမေရိကန်တပ်ဖွဲ့များ၏ သုံးရက်ကြာ ဖမ်းဆီးသွားခြင်းကိုလည်း ခံခဲ့ရသည်။ ပြီးခဲ့သောဧပြီလအတွင်းကလည်း အေပီသတင်းဌာနမှ ဓာတ်ပုံသတင်းသမားတစ်ဦးသည် မိုဆိုးလ်မြို့တွင် ဖြစ်ပွားသော ပေါက်ကွဲမှုသတင်းကို အစီရင်ခံနေစဉ် ရင်ဘတ်ကို သေနတ်ဖြင့် သုံးချက်အပစ်ခံရသည့်အတွက် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘာ့ ဆင်းရဲမွဲတေမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်စေရေး မူဝါဒများပြင်ဆင်ပြောင်းလဲရန် ကုလသမဂ္ဂတိုက်တွန်း

ကုလသမဂ္ဂ စက်တင်ဘာ ၉

ကမ္ဘာပေါ်ရှိ အလွန်အမင်းဆင်းရဲမွဲတေသူဦးရေကို လျှော့ချရန်ဟူသော ကုလသမဂ္ဂ၏ ရည်မှန်းချက်များ ပြည့်မီလာခြင်းမရှိပါက လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရနိုင်ကြောင်း၊ ကမ္ဘာ့ဆင်းရဲမွဲတေမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတွက် ကမ္ဘာ့နိုင်ငံများ၏ ထောက်ပံ့ကူညီမှု၊ ကုန်သွယ်မှုနှင့် လုံခြုံရေးမူဝါဒများကို ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂက ဗုဒ္ဓဟူးနေ့တွင်ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

သတိပေး

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်ဒီပီ) က ပြုစုသော ၂၀၀၅ ခုနှစ် လူသားဖွံ့ဖြိုးမှု အစီရင်ခံစာတွင် အထက်ပါအတိုင်း သတိပေးထားခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးလုပ်ငန်းများ၌ တိုးတက်မှုရရှိခဲ့သော်လည်း နိုင်ငံ အများအပြားတွင်မူ ယင်းလုပ်ငန်းများ အောင်မြင်မှုမရရှိကြောင်း၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် ရန်ပုံငွေများ တိုးတက်ရရှိရန် လိုအပ်သကဲ့သို့ နိုင်ငံရေးအသိစိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းအစီရင်ခံစာကို ကမ္ဘာ့ထိပ်သီးညီလာခံအတွက် ပြင်ဆင်လျက်ရှိကြသော ကမ္ဘာ့ခေါင်းဆောင်များထံ ဖြန့်ဝေပေးထားသည်။ လွန်ခဲ့သည့် ငါးနှစ်က ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များကို ချမှတ်ခဲ့သော ကုလသမဂ္ဂ ထိပ်သီးညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များ ကတိပြုခဲ့သည့်အတိုင်း ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စုစုပေါင်းလူဦးရေအရ သန်း ၉၀၀ နီးပါးရှိသော ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ခန့်သည် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များအနက် အနည်းဆုံး ရည်မှန်းချက် တစ်ခုထက်မနည်းကို အကောင်အထည်ဖော်နိုင်ခြင်း မရှိကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ ကျူရှူးကျွန်းတွင် နာဘီတိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည်ကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှားနှင့် တရုတ်ဆက်ဆံရေးတိုးတက်မှု သမ္မတပူတင်ချီးကျူး လက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး တိုက်တွန်း

ဆိုချီ(ရုရှား) စက်တင်ဘာ ၉

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ဆက်ဆံရေးတိုးတက်ကောင်းမွန်လာခြင်းနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ဗုဒ္ဓဟူးနေ့တွင် ချီးကျူးပြောကြားလိုက်သည်။ သမ္မတပူတင်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး ကောင်ဂန်ချွန်တို့ ရုရှား နိုင်ငံ ဆိုချီမြို့၌ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ကြသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ကြောင်း၊ နှစ်နိုင်ငံမဟာဗျူဟာမြောက် ဆက်ဆံရေးထူထောင်ရန်မှာ လွန်စွာအရေးပါကြောင်း သမ္မတပူတင်က တရုတ် ကာကွယ်ရေးဝန်ကြီးအား ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီး ကောင်ဂန်ချွန်သည် မြို့တော်မော်စကိုမှ ပင်လယ်နက်အပန်းဖြေစခန်းမြို့ဖြစ်သော ဆိုချီမြို့သို့ ဗုဒ္ဓဟူးနေ့အစောပိုင်းက ရောက်ရှိလာခဲ့သည်။ ဝန်ကြီး ကောင်ဂန်ချွန်သည် မြို့တော်မော်စကိုတွင် ကာကွယ်ရေးဝန်ကြီး ဆာဂေးအီဗန်နော့ဗ်နှင့် လည်းကောင်း၊ ဝန်ကြီးချုပ် မီခေးလ်ဖရက်ဒ်ကော့ဗ်နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မိမိတို့နှစ်နိုင်ငံသည် လက်နက်ကိုင်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြင့်မားလာခြင်းဖြင့် ကာကွယ်ရေးစွမ်းပကားများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ရုရှားခေါင်းဆောင်က ပြောကြားသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးရှိစေမည်ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

လွန်ခဲ့သည့်လက ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ စွမ်းပကားများကို ပြသနိုင်ခဲ့သဖြင့် မိမိချီးကျူးမိကြောင်း ပူတင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ဗီယက်နမ်နိုင်ငံဆားတင်ပို့မှု ယခုနှစ်၌ ပိုမိုတိုးတက်လာ

ဟနွိုင်း စက်တင်ဘာ ၉

ဗီယက်နမ်နိုင်ငံသည် ဆားတင်ပို့မှုလုပ်ငန်းကို ၂၀၀၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ဆားတန်ချိန် ၃၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ပထမ ရှစ်လတာကာလတွင် ဆားတန်ချိန် ၅၀၀၀၀ ထိ ပိုမိုတင်ပို့နိုင် ခဲ့သည်ဟု ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံမှ ဆားတင်ပို့သော အဓိကနိုင်ငံများမှာ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်သည်။ ထို့အပြင် ဆားတစ်ကီလိုလျှင် ဗီယက်နမ် ဒေါင်ငွေ ၇၀၀ (အမေရိကန်ငွေလေးဆင့်)နှုန်းဖြင့် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံသို့လည်း ရောင်းချခဲ့သည်။ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ စက်မှုလုပ်ငန်းသုံး ဆားတန်ချိန် ၁၅၀၀၀၀ ကို တင်သွင်းပြီး ဆားတန်ချိန် ၇၀၀၀၀ ကို တင်ပို့မည်ဟု မျှော်မှန်းထားသည်။

၂၀၁၀ ခုနှစ်တွင် ဆားတန်ချိန် ၁ ဒသမ ၅ သန်းတိုးမြှင့် ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘက်မလိုက်အဖွဲ့ ပြန်ကြားရေးဝန်ကြီးများ မြို့တော်ကွာလာလမ်ပူတွင် တွေ့ဆုံဆွေးနွေးမည်

ကွာလာလမ်ပူ စက်တင်ဘာ ၉

မလေးရှားနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးကို ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း မလေးရှား တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

"ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လှုပ်ရှားဆောင်ရွက်ချက်များ ပိုမိုအရှိန်အဟုန် သွက်လက်စေရေးအတွက် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး" ဟူ၍ အမည်ပေးထားသော အစည်းအဝေးကို မြို့တော်ကွာလာလမ်ပူတွင် ကျင်းပမည်ဖြစ်ကြောင်း မလေးရှားပြန်ကြားရေးဝန်ကြီး အဗ္ဗဒူလ်ခါဒီရ်ဖာဇီက ပြောကြားသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံများအတွင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေးနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ သတင်းအဖွဲ့အစည်းတစ်ရပ် ထူထောင်ဖွယ်ရှိမှုနှင့်ပတ်သက်၍ ယင်းအစည်းအဝေးတွင် အတည်ပြုဆွေးနွေးမည်ဖြစ်ကြောင်း အဗ္ဗဒူလ်ခါဒီက သတင်းထောက်များအား ပြောကြားသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ သတင်းအဖွဲ့အစည်းတစ်ရပ် ထူထောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ အပြန်အလှန်ဖလှယ်မှုကို ထိထိရောက်ရောက်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ သတင်းအရင်းအမြစ် အများအပြားကို အနောက်နိုင်ငံများမှသာ ရယူနေကြရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အထက်တန်းကျောင်းတစ်ကျောင်းရှိ ဓာတ်ခွဲခန်း၌ ကျောင်းသူ၊ ကျောင်းသားများ လက်တွေ့လေ့လာနေကြသည်ကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယလေကြောင်းလိုင်းအတွက် အဲဘတ်စ်လေယာဉ် ၄၃ စင်း ဝယ်ယူမည်

နယူးဒေလီ စက်တင်ဘာ ၉

အဲဘတ်စ် ဥရောပ လေယာဉ်တည်ဆောက်ရေးကုမ္ပဏီမှ ထုတ်လုပ်သည့် လေယာဉ် ၄၃ စင်းကို အိန္ဒိယနိုင်ငံပိုင် လေကြောင်းလိုင်းအတွက် ဝယ်ယူမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ လေယာဉ်ဝယ်ယူရေးအတွက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်း နယူးဒေလီတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဆင်းက ဆိုသည်။

ပြန်လည်ရယူ

အိန္ဒိယလေကြောင်းလိုင်းမှ ဂျက်လေယာဉ်အဟောင်းများ၏ နေရာတွင် လေယာဉ်အသစ်များဖြင့် ဖြည့်ဆည်းရန် စီစဉ်ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လေကြောင်းလိုင်းဈေးကွက်တွင် ဂျက်လေကြောင်းလိုင်းနှင့် ကင်းဖစ်ရှားလေကြောင်းလိုင်းကဲ့သို့သော ပုဂ္ဂလိက လေကြောင်းလိုင်းတို့နှင့် ယှဉ်ပြိုင်ရာ၌ ဆုံးရှုံးသွားသည့် ဈေးကွက်ကို ပြန်လည်ရယူရန်အတွက်ဖြစ်သည်။

ပိုင်ဆိုင်

အဲဘတ်စ်လေယာဉ် တည်ဆောက်ရေးကုမ္ပဏီကို ဂျာမနီနှင့် ပြင်သစ်တွင် အခြေစိုက်ပြီး ဥရောပ အာကာသ လေကြောင်းကာကွယ်ရေး ကုမ္ပဏီမှ ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး ဗြိတိန် ဘီအေအီးစနစ် လေကြောင်းကာကွယ်ရေးမှ ၂၀ ရာခိုင်နှုန်း အသီးသီး ပိုင်ဆိုင်ကြသည်။

လျှော့ချ

လေယာဉ်ဈေးနှုန်းများကို အချိုသာဆုံးရရှိရန်အတွက် အိန္ဒိယအစိုးရက ထပ်မံ၍ ဈေးနှုန်းများလျှော့ချပေးရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကာ ဆွေးနွေးရန်ရှိသည်ဟု အိန္ဒိယလေကြောင်းဝန်ကြီးဌာနမှအမည်မဖော်လိုသူတစ်ဦးက ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဩစတြေးလျ ဆစ်ဒနီဆိပ်ကမ်းတွင် ကိုကင်းနှစ်ကီလိုဖမ်းမိ

ကင်ဘာရာ စက်တင်ဘာ ၉

ဩစတြေးလျနိုင်ငံတွင် ကိုကင်း ၂ ဒသမ ၅ ကီလို မှောင်ခိုထုတ်ရန် လုပ်ဆောင်နေသူနှစ်ဦးကို ဖမ်းမိထားကြောင်း ဩစတြေးလျ ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရှာဖွေတွေ့ရှိ

အမေရိကန်ဒေါ်လာ ၃၃၆၀၀၀ တန်ဖိုးရှိ အဆိုပါ ကိုကင်းများကို အမေရိကန်နိုင်ငံမှ တင်ပို့လိုက်သော ပါဆယ်ထုပ် အမျိုးအစားပေါင်း ၃၉ မျိုးတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆစ်ဒနီဆိပ်ကမ်း ပီတာရှမ်ဂိတ်တွင် အသက်(၄၁) နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးနှင့် အသက်(၁၉)နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား တစ်ဦးတို့သည် အဆိုပါ ပါဆယ်ထုပ်များကို ထုတ်ယူရန်ကြိုးစားစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

စွဲချက်တင်

တားမြစ်ထားသော ပစ္စည်းကို သွင်းယူမှုဖြင့် ၎င်းတို့ကို စွဲချက်တင်ထားသည်။

ဒေသဆိုင်ရာ ဗဟိုတရားရုံးက ၎င်းတို့အား အာမခံပေးရန်ကိစ္စကို ပယ်ချခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင် ရုံးထုတ်ရန် ရမန်ပေးခဲ့သည်။

အကောက်ခွန်ဌာနက ဩဂုတ် ၃၀ ရက်တွင် တရားမဝင် တင်သွင်းပစ္စည်းများနှင့် ပတ်သက်၍ သတင်းပေးခဲ့သည်ဟု ရဲဌာနက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘယ်နေရာ ဘယ်သွားသွား

ငွေးအောင်
(ခရီးသွား)

ပိုက်ဆံရှိလျှင် ခရီးသွားပါ။ လွန်ခဲ့သည့်သုံးနှစ်လောက်က ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ကြော်ငြာရာတွင် အသုံးပြုခဲ့သော စကားရပ်ဖြစ်သည်။ ခေါင်းစဉ်ဖြင့် ကြော်ငြာထွက်လာသည်နှင့် စုံစမ်းမေးမြန်းကြသူ ပေါ်များလာသည်။ တချို့က ခေါင်းစဉ်ကြောင့်ဖြစ်သည်။ သူ့ဟာက ပိုက်ဆံရှိမှ ခရီးသွားရမှာလား။ ဘယ်လို ခေါင်းစဉ်လဲမသိဘူး စသည့် မေးခွန်းများနှင့်အတူ ကြော်ငြာထားသည့်ခရီးစဉ်များကို စိတ်ဝင်တစား မေးမြန်းစုံစမ်းလာခြင်းဖြစ်သည်။ ရောင်းဝယ်ခြင်းလောကတွင် ဤသို့ပင် ပရိသတ်၏ စိတ်အာရုံကို လှုံ့ဆော်ပေးလေ့ရှိသည်။ သမားရိုးကျသွားလျှင်၊ ပုံစံကြီးအတိုင်းလုပ်လျှင် စိတ်မဝင်စားကြ၊ မနှစ်ခြိုက်ကြချေ။ ဤကြော်ငြာကို မြန်မာ့ခရီးသွားလုပ်ငန်းအတွက် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤလုပ်ငန်းသည် ယခုအခါ ပြည်တွင်း ခရီးသည်ပို့ဆောင်မှုတွင် သိသိသာသာအောင်မြင်လျက်ရှိ၏။ မနှစ်က ခရီးစဉ် ၇၃၄ ခု၊ ခရီးသည် ၂၆၀၀၀ ခန့် နှင့် ဝင်ငွေကျပ် ၁၂၂ သန်းခန့် ဆောင်ရွက်နိုင်ခဲ့၏။ သွားရောက်သည့်ခရီးစဉ်မှာ မြန်မာပြည် အနှံ့ဖြစ်သည်။ လုပ်ငန်းတစ်ခုအတွက် ဤမျှရရှိသောဝင်ငွေသည် များပြားသည်ဟု ဆိုနိုင်သော်လည်း တစ်နိုင်ငံလုံး ပြည်တွင်းခရီးသွား လုပ်ငန်းမှရရှိသော ဝင်ငွေနှင့်နှိုင်းဆလျှင် ငါးရာခိုင်နှုန်းကျော်ခန့်သာရှိသည်။ မနှစ်က ပြည်တွင်းခရီးသွားလုပ်ငန်းဝင်ငွေသည် ကျပ်သန်း ၂၃၀၀ ခန့်ရှိ၏။

ခရီးစဉ်ဒေသများတွင် ရန်ကုန်ကိုအခြေခံလျှင် ဘယ်နေရာသွားသွား၊ သွားချင်စရာချည်းဖြစ်သည်။ ကမ်းခြေဒေသအလှကို ကြည့်ရှုခံစားလိုလျှင် ငွေဆောင်၊ ချောင်းသာသို့သွားနိုင်သည်။ ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ်ငဝန် မြစ်ကူးတံတားများမရှိခင်ကဆိုလျှင် ဤနေရာများသို့ ပုသိမ်တွင် တစ်ထောက်မနားဘဲ ခရီးမပေါက်နိုင်ချေ။ မြစ်ဆိပ်များတွင် အသွားအပြန် ကူးတို့လှေ (ဇက်ဂရဗ်)စောင့်ရသည်မှာ တမေ့တမော။ ယခုအခါ ကမ်းခြေဒေသများသို့ လေးနာရီအတွင်းရောက်နိုင်သည်။ သောကြာနေ့ညနေထွက်သွားပြီး တနင်္ဂနွေနေ့ညနေ ပြန်လာနိုင်သည်။ အလုပ်အားရက်တွင် ပင်လယ်ပြင်၌ ကောင်းစွာအပန်းဖြေအနားယူနိုင်၏။ ဤသို့သွားလာသူ များပြားလာသဖြင့် ချောင်းသာ၊ ငွေဆောင်တွင် ဟိုတယ်၊ မိုတယ်များတစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာသည်။ ဤလုပ်ငန်းကိုအကြောင်းပြု၍ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရ ပစ္စည်း အရောင်းဆိုင်လုပ်ငန်းများလည်း အရောင်းရတွင်ကျယ်လာသည်။ ငွေဆောင်၊ ချောင်းသာတွင် ဟိုတယ်၊ မိုတယ်များ အဆင့်အတန်း ကွဲပြားခြားနားစွာရှိသည်။ အချို့ဟိုတယ်များသည် နိုင်ငံတကာ အဆင့်မီသည်။ အဆင့်ရှိသလို ငွေတန်ဖိုးလည်း မြင့်သည်။

ရန်ကုန်မှအသွား ပဲခူးအလွန်တွင် မိုးယွန်းကြီးအင်းရှိသည်။ ဤနေရာတွင် သစ်တောရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ငှက်ကြည့်စခန်းရှိသည်။ စခန်းတွင် နေထိုင်တည်းခို၊ စားသောက်ရန် စီစဉ်ထားရှိသည်။ အင်းထဲတွင် လှေစီးခြင်း၊ ရေပျော်ငှက်များ၏ အလှအပနှင့် လှုပ်ရှားမှုကိုလေ့လာခြင်း၊ ဆိတ်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ခြင်းတို့မှာ အဓိကဆွဲဆောင်မှုများဖြစ်သည်။ နေ့ချင်းပြန်လည်းရသည်။ အားလပ်ရက်ညအိပ်အပန်းဖြေခြင်းလည်းပြုနိုင်သည်။ ဤခရီးစဉ်ကို ပြည်တွင်း၊ ပြည်ပဧည့်သည်များအတွက် စီစဉ်ဆောင်ရွက်ပေးနေသော ခရီးသွားကုမ္ပဏီများရှိသည်။ ပဲခူးခရီးစဉ်မှာမူ ပြောစရာမလိုပါ။ ပြည်သူများ မိမိအစီအစဉ်ဖြင့် လွတ်လပ်စွာသွားလာနေကြပြီဖြစ်သည်။ သို့ရာတွင် ဂေါက်သီးဝါသနာရှင်များအတွက် ပဲခူး ရွှေဝါထွန်းဟိုတယ်တွင် အနားယူရင်း ဟံသာဝတီဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ခြင်း၊ ရဲမွန်ဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ခြင်း အစီအစဉ်များကို မြန်မာ့ခရီးသွားလုပ်ငန်းက ဆောင်ရွက်ပေးလျက်ရှိရာ စင်းလုံးငှားမော်တော်ယာဉ်ပုံစံဖြင့် သွားရောက်ကြသူများရှိသည်။ မိသားစုဝင်များက ဘုရားဖူးကြ၊ ပျော်ပွဲစားကြ၊ အမျိုးသားများက ဂေါက်သီးရိုက်ကြသည်။

ကချင်ပြည်နယ်ရှိ ဖွန်ဂန်ရာဇီရေခဲတောင်တန်း၏ သဘာဝရှုခင်းအလှကို ဤသို့ တွေ့ရသည်။

ပဲခူးမှလွန်၍ ကျိုက်ထီးရိုးခရီးစဉ် မော်လမြိုင်၊ ဘားအံ၊ သံဖြူဇရပ်ခရီးစဉ်များလည်းရှိသေးသည်။ ငယ်စဉ်က ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်မှာ သက်လုံကောင်းရမည်။ အပင်ပန်းခံနိုင်ရမည်ဆိုသည့် အရည်အချင်းများနှင့် ပြည့်စုံဖို့ လိုအပ်သည်။ ကင်ပွန်းစခန်းကစတင်၍ ခြေကျင်ခရီးနှင်ရသည်။ ပွဲတော်ကျင်းပနေချိန်တွင် တည်းခိုရန် နေရာမရသည့်အတွက် ရင်ပြင်ပေါ်နှင်းရွဲရွဲတွင် ခေါင်းမြီးခြုံအိပ်ခဲ့ဖူးသည်။ ယခုအခါတွင် တည်းခိုနေထိုင်စရာများ တောင်ခြေ၊ တောင်လယ်နှင့် တောင်ထိပ်ပိုင်းတို့တွင် ရှိနေပြီ။ ရသေ့တောင်အထိလည်း ကားများသွားလာနိုင်ပြီ။

သံလွင်တံတား၊ မော်လမြိုင်တံတားကြီးများ တည်ဆောက်ပြီးစီးသွားသည့်အတွက် ရန်ကုန်ဧည့်သည်များအဖို့ ဘားအံ၊ မော်လမြိုင်တို့မှာ လာချင် လျှင် အနီးကလေးဖြစ်သည်။ ဘားအံနှင့် မော်လမြိုင်အကြားတွင် ဂျိုင်းနှင့် အတ္တရံ မြစ်ကူးတံတားများ တည်ဆောက်ပေးလိုက်သည့်အတွက် ယင်းနှစ်မြို့မှာ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်သွားပြီ။

တချို့သော ညဥ့်အိပ်ခရီးစဉ်တွင် ပြည်ရွှေဆံတော်ဘုရားဖူးအဖွဲ့များပါဝင်သည်။ ယင်းအဖွဲ့ အများစုသည် ပြည်မင်္ဂလာဥယျာဉ်ဟိုတယ်၏ စီစဉ်မှုဖြင့် လာရောက်ကြသည့်အဖွဲ့များဖြစ်သည်။ ပြည်တွင် မင်္ဂလာဥယျာဉ်သည် ဆိတ်ငြိမ်အေးချမ်းပြီး တောရိပ်ကန်ရိပ်ဖြင့် နားချင်စဖွယ်နေရာလေးဖြစ်သည်။ ဤနေရာတွင် ပြည်တွင်း၊ ပြည်ပဧည့်သည်များ ရာသီမရွေး တည်းခိုနေထိုင်ကြသည်။ ဧည့်သည်အများစုသည် ဘုရားဖူးရင်း ဒေသန္တရဗဟုသုတ ရှာဖွေကြသည်။ အထူးသဖြင့် သရေခေတ္တရာမြို့ဟောင်း၊ မှော်ဇာပြတိုက်၊ အကောက်တောင်နှင့် ဆေးလိပ်လုပ်ငန်းတို့သည် စိတ်ဝင်စားစရာ ပြကွက်များဖြစ်သည်။ ပြည်မှတစ်ဆင့် နဝဒေးတံတားကြီးကိုဖြတ်ကျော်ပြီး တောင်ကုတ်လမ်းအတိုင်းသွားလျှင် ငပလီကမ်းခြေက ကြိုဆိုနေပေလိမ့်မည်။

ရန်ကုန်–ပြည်၊ ရန်ကုန်–တောင်ငူခရီးမှာ အကွာအဝေးတူညီလှသည်။ တောင်ငူနှင့်ပြည်အကြားတွင် အလယ်ရိုးမကြီးရှိ၏။ ဧရာအရှေ့၊ ဧရာအနောက်၊ ရိုးမအရှေ့၊ ရိုးမအနောက်တို့မှာ ကုန်းလမ်းပို့ဆောင်ရေးမှ ဟီးနိုးယာဉ်များဖြင့် အဝေးပြေးလမ်းကြောင်းတစ်လျှောက်တွင် ပြေးဆွဲကြရာမှ စတင်ပေါ်ထွန်းခဲ့သော အခေါ်အဝေါ်များဖြစ်သည်။ တောင်ငူရောက်လျှင် ရွှေကျင်၊ မဒေါက်ဘက် သွားမလား၊ သို့တည်းမဟုတ် သံတောင်သို့ သွားမလား။ စင်စစ်သံတောင်သည် တောင်ငူမှ ၂၈မိုင်ခန့် သာကွာဝေးသည့် တောင်ပေါ်စခန်းမြို့လေးဖြစ်သည်။ သံတောင်ကြီး (မြို့ဟောင်း)ကို ၁၈၅၂ ခုနှစ်ခန့်က စတင်ထူထောင်ခဲ့သည်။ ထိုစဉ်ကပင် ဤနေရာကို တောင်ပေါ်စခန်းမြို့ကလေးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ သံတောင်ကြီးသည် မြို့သစ်နှင့် ၁၅ မိုင်ခန့်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ခန့်တွင်ရှိသည်။ မြို့သစ်သည် တောင်ခြေတွင် ရှိသော်လည်း မြို့ဟောင်းသည် တောင်ကြောပေါ် တွင်တည်ရှိဆဲဖြစ်သည်။ တောင်ကြောထက်တွင် တချိန်က လက်ဖက်ခြောက်စက်ရုံကြီးရှိသည်။ ဤနေရာသို့ ကျွန်တော်သုံးကြိမ်ခန့်ရောက်ခဲ့ဖူးသည်။ တစ်ညတွင် ဤစက်ရုံကြီး၏ ထပ်ခိုးပေါ်တွင် ကျွန်တော်တို့ဆရာတပည့် နှစ်ယောက် အိပ်ရရာ အမှောင်ထဲတွင် ဟိုနေရာကအသံမြည်လိုက် ဒီနေရာက အသံမြည် လိုက်နှင့်အံ့သြဖွယ်နှင့်ကြုံရသည်။ တောင်ပေါ်မှပတ်ဝန်းကျင်မြင်ကွင်းသည် ရှုမငြီးဖွယ်ရာဖြစ်သည်။ သံတောင်သည် ရန်ကုန်မှ မိုင် ၂၀၀ ခရီးတွင်ရှိ၍ တောင်ပေါ်တောတွင်းရက်တိုအပန်းဖြေနိုင်သော ခရီးစဉ်တစ်ခု ဖြစ်ပေသည်။

ယခုအခါ ကမ်းခြေဒေသများသို့ လေးနာရီအတွင်းရောက်နိုင်သည်။ သောကြာနေ့ညနေထွက်သွားပြီး တနင်္ဂနွေနေ့ညနေ ပြန်လာနိုင်သည်။ အလုပ်အားရက်တွင် ပင်လယ်ပြင်၌ ကောင်းစွာအပန်းဖြေအနားယူနိုင်၏။ ဤသို့သွားလာသူ များပြားလာသဖြင့် ချောင်းသာ၊ ငွေဆောင်တွင် ဟိုတယ်၊ မိုတယ်များတစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာသည်။ ဤလုပ်ငန်းကိုအကြောင်းပြု၍ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရ ပစ္စည်း အရောင်းဆိုင်လုပ်ငန်းများလည်း အရောင်းရ တွင်ကျယ်လာသည်။

ပြင်ဦးလွင် ကန်တော်ကြီးအမျိုးသားဥယျာဉ်ရှိ ပန်းမျိုးစုံအလှ။



ရန်ကုန်တစ်ဝိုက် ရေလမ်းဖြင့်သွားလာနိုင်သော ခရီးစဉ်တစ်ခုရှိသည်။ ယင်းမှာ **Delta Queen** ပုဂ္ဂလိကသင်္ဘောဖြင့် ရန်ကုန်–ပုသိမ် မြစ်ကြောင်းခရီးစဉ်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များလည်း သွားလာနေကြသည်။ မအူပင်၊ ဝါးခယ်မနှင့်မြောင်းမြတို့သည် လမ်းကြောင်းပေါ်တွင်ရှိသည်။ ကျေးလက်ဒေသလေ့လာရေးနှင့် ဒေသထွက်အစားအသောက်များကို မြည်းစမ်းခွင့်ရမည်။ အပြန်တွင် ကားလမ်းအတိုင်းပို့ဆောင်ပေး၏။ မော်တင်စွန်း ဘုရားပွဲကာလတွင် ငပုတော၊ မော်တင်၊ ဟိုင်းကြီးကျွန်းဘုရားဖူးခရီးနှင့် အပန်းဖြေခရီးများသွားနိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ စစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း ပခုက္ကူမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ၏ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၀

အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း)သို့ ရောက်ရှိပြီး စက်ရုံ၌ စက်များတပ်ဆင်ပြီးစီးမှု၊ စက်များစမ်းသပ်လည်ပတ်မှုနှင့် ကုန်ကြမ်းစုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံထုတ် ၁/၃၂စီ ပေါ်ပလင်ပိတ်ညို၊ ၁/၃၂စီ ပေါ်ပလင်ပိတ် (အဖြူချွတ်ပြီး)၊ ၁/၄၀ ပီ စီတက်ထရွန်ပိတ်ညိုနှင့် ၁/၄၀ ပီစီတက်ထရွန်ပိတ် (အဖြူချွတ်ပြီး) တို့ကို ကြည့်ရှုပြီး ပိတ်အဆင် ဒီဇိုင်းများကို ဆန်းသစ် တီထွင်ရိုက်နှိပ်သွားရေး မှာကြားသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ စီမံကိန်းကွပ်ကဲရေးမှူး ဦးမြင့်သိန်းဦးနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း အထွေထွေ မန်နေဂျာ ဦးရဲဝင်းတို့က စီမံကိန်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တရုတ်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထိုမှ တစ်ဆင့် ဝန်ကြီးသည် ပခုက္ကူ ဆေးဆိုးပန်းရိုက်စက်ရုံသို့ ရောက်ရှိပြီး ရိုလာပန်းရိုက် စက်အခြေအနေ၊ အခြောက်လှမ်း စက်အခြေအနေနှင့် စက်ရုံထုတ် ဆေးဆိုးပန်းရိုက်ထည်များကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အဘိဓမ္မာစာတော်ပြန်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ (၃၈)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်း (အာဂမ-သဘာဝ) စာတော်ပြန်ပွဲကို ယနေ့နံနက် ၈ နာရီက ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ် (၄၉/၅၁)ရှိ အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ သာသနဇဓမ္မာစရိယ ဒီဃနိကာယပါဠိပါရဂူ ဘဒ္ဒန္တဂုဏောသန ထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရထံမှ သာရဏီယ၊ သမ္မောဒနီယ ဩဝါဒ ကထာ နာယူကြသည်။

ထို့နောက် စာတော်ပြန်ပွဲဝင်များအား ပင့်ဆောင်ကြပြီး ကာလာရောစန ကထာကို ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်မြင့် (သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ)က ရွတ်ဆိုပူဇော်သည်။

စာတော်ပြန်ပွဲတွင် ကျမ်းအလိုက် ရဟန်းအပါး ၂၉၀၊ သီလရှင် ၃၅၇ ပါးနှင့် လူပုဂ္ဂိုလ် ၁၀၁ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ (က-ပ)

လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် ဦးလော်ခြိလမ်းနေ အလှူရှင် ဒေါက်တာဦးတင်မောင်အေး (OG) နှင့် မိသားစုက အလှူငွေကျပ် ငါးသိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် (၁၆)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲကို ကမာရွတ်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမောင်ချစ်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြူတို့က ဖြေဆိုသူကျောင်းသူ၊ ကျောင်းသားများအား ကြည့်ရှုအားပေးနေစဉ်။ (က-ပ)

မိုးရာသီ သစ်ပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၁၀

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ ၇ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် တလုပ်မြို့ ကျေးရွာအဝင်လမ်းဘေး ဝဲ၊ ယာတစ်လျှောက်၌ ကျင်းပသည်။

အဆိုပါသစ်ပင်စုပေါင်းစိုက်ပျိုးပွဲတွင် ခရိုင်၊ မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှူးများ၊ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ ဒေသခံ ရပ်မိရပ်ဖများနှင့် ပြည်သူများ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ကျော်တို့က အရိပ်ရသစ်ပင်ပေါင်း ၁၀၀၀ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

(သတင်းစဉ်)

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရန်ကုန်ကို အခြေပြု၍ လှည့်ပတ်သွားလာနိုင်သကဲ့သို့ ရွှေမန်းသူ၊ ရွှေမန်းသားတို့အတွက်လည်း ရက်တိုခရီးစဉ်များရှိသည်။ ပြင်ဦးလွင် တစ်ညအိပ် ခရီးစဉ်ကတော့ အရောင်းရအသွက်ဆုံးဖြစ်သည်။ ပြင်ဦးလွင် ရောက်လျှင် ကန်တော်ကြီးအမျိုးသားဥယျာဉ်၌ အပန်းဖြေကြသည်။ ပျော်ပွဲစားကြသည်။ ပန်းဝါသနာရှင်များက ပန်းမျိုးစုံလေ့လာမှုပြုသည်။ ငှက်ဝါသနာရှင်များက ငှက်ကြည့်ကြသည်။ အမျိုးသားများက ဂေါက်သီးရိုက်ကြသည်။ ရေကူးဝါသနာပါသူများက ဓာတ်တော်ချိုင့်ရေတံခွန်စခန်းသို့ သွားရောက်ကြ၏။ အချို့က ပွေးကောက်ရေတံခွန်စခန်းတွင် ဓာတ်ပုံရိုက်ကြပြီး မဟာအံ့ထူးကံသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။ အချို့က ပိတ်ချင်းမြောင်အထိ သွားရောက်ကြသည်။ လာမည့်ပွင့်လင်းရာသီတွင် မြန်မာ့ခရီးသွားလုပ်ငန်းနှင့် အထက်မြန်မာပြည် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဂုတ်ထိပ်၊ သီပေါခရီးစဉ်များ တိုးချဲ့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေး၊ စစ်ကိုင်း၊ မုံရွာသမ္ဗုဒ္ဓေ၊ ဖိုးဦးတောင်ခရီးစဉ်များအပြင် အလောင်းတော်ကဿပ ဘုရားပွဲတော်အမီ ညအိပ်ခရီးစဉ်များလည်း စီစဉ်လျက်ရှိ၏။ အချို့လုပ်ငန်းရှင်များကို မိုးကုတ်ဘက်သို့ ပို့ဆောင်ပေးရန်လည်း ခရီးစဉ်ဆွဲထား၏။ လေးဘီးယက်ကားများဖြင့် ဧရာဝတီမြစ်ကျဉ်းဘက်သို့လည်း လိုက်ပြမည်ဆို၏။ ဤခရီးလမ်းကြောင်းပေါ်တွင် ငါးအိုးတံတားကြီးရှိသည်။ ဤတံတားကြီးမှာ ဧရာဝတီမြစ်နှင့် ရွှေလီမြစ်တို့ ဆုံရာအနီးတွင် တည်ဆောက်ထားရာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့၏ ဒေသ ပေါင်းကူးတံတားကြီးဖြစ်သည်။ ငါးအိုးမှဆက်သွားလျှင် ဗန်းမော်သို့ရောက်၏။ ဗန်းမော်မှ မြစ်ကြောင်းအတိုင်းဆန်လျှင် ဧရာဝတီ၏ ပထမမြစ်ကျဉ်းကိုရောက်သည်။ မြစ်ခြေမှ ပုဂ္ဂိုလ်များအဖို့ ဤနေရာတွင် ဧရာဝတီမြစ်ကြီး မည်မျှကျဉ်းမြောင်းသည်ကိုပြောပြလျှင် ယုံနိုင်ဖွယ်မရှိချေ။ ကျွန်တော်တို့အဖွဲ့ ပထမမြစ်ကျဉ်းသို့အရောက်တွင် တစ်ဖက်ကမ်းသို့တက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ မြစ်ကျဉ်းသည် ခဲတစ်ပစ်သာရှိသည်ဟု တချို့က တအံ့တဩဆိုကြ၏။ ဂေါက်သီးဝါသနာရှင်တစ်ဦးက အတိုဆုံးသံတုတ်ဖြင့် ရိုက်လျှင် ၎င်း၏ ဂေါက်သီးသည် တစ်ဖက်ကမ်းသို့ အသာလေးရောက်မည်ဟု ယုံကြည်စွာပြော၏။

မန္တလေးကလွန်လျှင် ပုဂံကို စဉ်းစားကြည့်နိုင်သည်။ ယခုအခါ ပုဂံတွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၈၀ကျော်ခန့်ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်တစ်လုံး၊ နှစ်လုံးသာရှိသည်။ ကျန်ဟိုတယ်အားလုံးမှာ ပြည်တွင်းလုပ်ငန်းရှင်များ၏ စွမ်းဆောင်မှုများဖြစ်သည်။ ပုဂံရောက်လျှင် ဧရာဝတီမြစ်ပြင်ကျယ်ကြီးကို ငေးမောကြည့်ရှုခံစားနိုင်သည်။ စွယ်တော်သုံးဆူကို ဖူးမြော်ကြည်ညိုနိုင်သည်။ နန်းမြင့်မျှော်စင်ထက်မှ ပုဂံ၏ မြင်ကွင်းကျယ်အလှကို ရှုမြင်ရမည်။ မကြာခင်ဖွင့်လှစ်မည့် နန်းမြင့်ဟိုတယ်သည် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဖြစ်သည်။ ဟိုတယ်ဖွင့်လျှင် လာရောက်နေထိုင်တည်းခိုရန် ယခုကပင် ကြိုတင်လာရောက် စရန်သတ်သူများရှိနေပြီ။

ပုဂံမှတစ်ဆင့် ဗျတ္တပန်းဆက်လမ်းအတိုင်း ပုပ္ပားတောင်ကလပ်သို့ သွားရောက်နိုင်သည်။ ပုပ္ပားရောက်လျှင် ပုပ္ပားအပန်းဖြေစခန်းတွင် တစ်ညလောက် တည်းခိုအနားယူသင့်သည်။ စခန်းကကြည့်လျှင် ပုပ္ပားလွင်ပြင်ကို မျက်စိတစ်ဆုံး ကြည့်ရှုခံစားရမည်။ မြင်ကွင်းအလယ်တွင် ပုပ္ပားတောင်ကလပ်ကြီးကို တွေ့ရမည်။ ဝန်းကျင်ရှိ ကျေးငှက်သာရကာ တို့၏ အသံများက နားဝင်ပီယံရှိလှသည်။ လေအသင့်တွင် တောင်ခြေမှ တက်လာသော တရားသံ၊ ခေါင်းလောင်းထိုးသံတို့က တရားဘာဝနာပွားများရန် စေ့ဆော်ပေးသည်။ အချိန်ရလျှင် တောင်မကြီးပတ်လမ်းအတိုင်းလမ်းလျှောက်ခြင်း၊ တောင်မကြီးထိပ်သို့ တက်ရောက်ခြင်းများ ပြုလုပ်နိုင်သည်။ မြင်းစီးတတ်လျှင် သက်သက်သာသာရှိမည်။

ပုဂံမှတစ်ဆင့် ဧရာဝတီမြစ်ကိုဖြတ်ကူး၍ ကံမ၊ ပခုက္ကူဘက်သို့ သွားရောက်လေ့လာနိုင်သည်။ သို့တည်းမဟုတ် ဂန့်ဂေါမှတစ်ဆင့် နတ်မတောင်သို့သွားနိုင်သည်။ နတ်မတောင်တွင် သစ်တောရေးရာဝန်ကြီးဌာန၏ အပန်းဖြေစခန်းရှိသည်။ ရက်တိုအပန်းဖြေရင်း ချင်းတောင်တန်း၏အလှကို ခံစားနိုင်သည်။

စင်စစ် မြန်မာနိုင်ငံတွင် လေ့လာအပန်းဖြေနိုင်သော ဒေသများကားနေရာအနှံ့ဖြစ်သည်။ ယခုအခါ ပြည်တွင်းလေကြောင်းလိုင်းတွင် အဲမန္တလေး၊ ရန်ကုန်အဲဝေးအပြင် အဲပုဂံလေကြောင်းတို့ တိုးပွားလာရာ တောင်၊ မြောက်၊ အရှေ့၊ အနောက်၊ ဘယ်နေရာဘယ်သွားသွား ပို့ဆောင်ပေးနိုင်ပြီဖြစ်သည်။ ရုံးပိတ်ရက်ရှည်များရခဲ့လျှင် မြောက်စွန်းမှ ပူတာအိုသွားမလား၊ တောင်စွန်းမှ ကော့သောင်းနှင့်မြိတ်ကျွန်းစုသို့ သွားမလား၊ အလွယ်တကူသွားလာနိုင်သည်။ မြောက်ပိုင်းတွင် မြစ်ကြီးနားခရီးစဉ်ကို မြန်မာ့လေကြောင်းနှင့် အဲပုဂံတို့က ပြေးဆွဲလျက်ရှိ၏။ ပထမနေ့ ပူတာအိုရောက်ရှိပြီး နှစ်ညအိပ်ကာ တတိယနေ့တွင် ပြန်လာနိုင်သည်။ ပူတာအိုရောက်လျှင် ရေခဲတောင်ကိုမြင်ရပြီ။ ထိုမှ တစ်ဆင့် မူလာရှီဒီးကြိုးတံတားနှင့် ဂူဘားရိပ်သာသို့ သွားရောက်နိုင်သည်။ မချမ်းဘောသည် ပူတာအိုနှင့် ၁၄ မိုင်ခန့်ကွာဝေးသည်။ လမ်းတွင် ဂရိတ်ဖရသီးများပေါများရာ နမ့်ခမ်းရွာကလေးရှိသည်။ ပူတာအို၏အလှကို ကြည့်ရှုခံစားရင်း ကျန်းမာရေးအတွက် ဂရိတ်ဖရနှင့် ရေခဲငါးတို့ကို အရသာခံ စားသောက်နိုင်သည်။ ပူတာအိုကအပြန် အချိန်ရလျှင် မြစ်ကြီးနားတွင်တစ်ည ခြေဆန့်နိုင်သေးသည်။ မြစ်ကြီးနားရောက်လျှင် မြစ်ဆုံ၏ အလှကို မဖြစ်မနေ သွားရောက်ကြည့်ရှုခံစားသင့်သည်။

ကော့သောင်းဘက်သွားလျှင် သူဌေးကျွန်းဟိုတယ်ရှိသည်။ မကြာခင်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးလည်းရှိသည်။ ကော့သောင်းမှထွက်လျှင် အက်ဒမန်ပင်လယ်ပြင်၏အလှကို ကောင်းစွာခံစားနိုင်သည်။ ကော့သောင်းမှအတန်ငယ်သွားလျှင် တိုင်းရင်းသားလုပ်ငန်းရှင်များ တည်ဆောက်ထားသော မြန်မာအက်ဒမန်အပန်းဖြေစခန်းသို့ရောက်ရှိမည်။ စခန်းတွင် အိပ်ခန်း ၂၂ ခန်းရှိသည်။ ရေပူ၊ ရေအေး၊ လေအေးစက်၊ ရေသန့်စနစ်၊ နိုင်ငံတကာ ဆက်သွယ်ရေးစနစ်၊ လျှပ်စစ်မီးအစုံအလင်ရှိသည်။ ယင်းနေရာတွင် ဆိတ်ငြိမ် အေးချမ်းစွာ အပန်းဖြေအနားယူရင်း အဏ္ဏဝါ၏ သဘာဝအလှအပများက ညို့ငင်ဆွဲဆောင်မှုကို ခံစားရပေလိမ့်မည်။

ဤမျှနှင့်မကျေနပ်သေးဘဲ ဇိမ်ခံသင်္ဘောကြီးနှင့် အပန်းဖြေခရီးသွားရောက်လိုလျှင် Road to Mandalay သင်္ဘောကြီး၏ မန္တလေးမှ ပုဂံ နှစ်ညအိပ် သုံးရက်၊ ပုဂံမှ မန္တလေး သုံးညအိပ် လေးရက်၊ မန္တလေး-ဗန်းမော်-ပုဂံ ၁၀ ညအိပ် ၁၁ ရက်၊ မန္တလေး-မော်လိုက်-ပုဂံ ခြောက်ညအိပ် ခုနစ်ရက်ခရီးစဉ်များရှိသေးသည်။ ဗန်းမော်ခရီးစဉ်တွင် ဧရာဝတီ၏ သဘာဝအလှအပများ၊ မော်လိုက်ခရီးစဉ်တွင် ချင်းတွင်းမြစ်နှင့် မဟာမြိုင်တောတို့၏ ရှုမငြီးဖွယ် ဆွဲဆောင်မှုများကို တွေ့မြင်ခံစားရမည်။ သင်္ဘောကြီးပေါ်တွင် ရေကူးကန်၊ အပန်းဖြေအနားယူရန် အမိုးဖွင့်ကုန်းပတ်၊ အရေးပေါ်ဆေးကုသမှု၊ ကျန်းမာရေးအတွက် လေ့ကျင့်ရန်ခန်းမ၊ ဂြိုဟ်တုရုပ်မြင်သံကြားအစီအစဉ်၊ အင်တာနက်၊ အီးမေးလ်၊ ဖက်စ်၊ တယ်လီဖုန်းဆက်သွယ်ရေး၊ နိုင်ငံတကာအဆင့်မီ အိပ်ခန်း၊ စားသောက်ခန်းမ စသည်တို့ ပါဝင်သည်။ ငွေကုန် ကြေးကျရှိသော်လည်း ပေးအပ်သည့်ဝန်ဆောင်မှုနှင့် နေထိုင်စားသောက်ရမှုတို့မှာ ကမ္ဘာ့အဆင့်မီသည်။

ပြည်သူများသွားလာမှုလွယ်ကူစေရန်နှင့် အားလပ်ရက်တွင် အပန်းဖြေအနားယူနိုင်စေရန်အတွက် နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးထားမှုများမှာ ပြည့်စုံကုံလုံလှသည်။ ဘယ်နေရာဘယ်သွားသွား ထိုက်သင့်သည့် ဝန်ဆောင်မှုကို ခံစားရရှိကြမှာဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝအလှအပ ပသာဒများဖြင့် လိုက်လျောညီထွေစွာ စိတ်တိုင်းကျ အပန်းဖြေအနားယူ နေထိုင်နိုင်သည်။ ဤသို့ဖြစ်တည်ပေါ်ထွန်းအောင် ကြိုးပမ်းမြှင့်တင်လျက်ရှိရာတွင် ပြည်တွင်းလုပ်ငန်းရှင်များ၏ စွမ်းဆောင်အကောင်အထည်ဖော်မှုမှာ အားရ စရာပင်ဖြစ်သလို နိုင်ငံတော်အစိုးရ၏ ဖြည့်ဆည်းပံ့ပိုးကူညီပေးနေသည့် စေတနာမှာလည်း အနမတဂ္ဂကြီးမားလှပေသည်။ ။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လင်းခေးမြို့ မြို့နယ်ခန်းမ၌ လင်းခေးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စည်းကမ်းရှိသော ဒီမိုကရေစီအလေ့အကျင့်ကောင်းတစ်ခု ကျင့်သုံးခြင်းသည် တည်ငြိမ်အေးချမ်းသာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု

✧ **ရှေ့ဖုံးမှ**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြား၍ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ဒေသခံတိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူတကွ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရေးမှာကြားပြီး အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လင်းခေးမြို့ မြို့နယ်ခန်းမသို့ ရောက်ရှိကြပြီး လင်းခေးခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက လင်းခေးခရိုင်၏ နယ်မြေဒေသ အခြေအနေ၊ တည်နေရာနှင့် အကျယ်အဝန်း၊ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်၌ လင်းခေးခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေ၊ မြေယာအသုံးချမှုအခြေအနေ၊ ဒေသဆန်ဖူလုံမှု အခြေအနေနှင့် ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခရိုင်နှင့်မြို့နယ်တို့၏ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်း၍ အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်သော စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်ဖြစ်ကြောင်း။

ဒေသအသီးသီးတွင် နိုင်ငံ့တာဝန်များထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်းဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွဲညီညီပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတို့သည် တစ်ဆင့်ပြီး၊ တစ်ဆင့်တိုးတက်လာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင် ဒေသဆန်ဖူလုံမှု ၁၃၉ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဒေသအတွင်း စားသုံးဆီဖူလုံမှု ၁၈၉ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဟု ပြောကြားလိုကြောင်း၊ ဤသို့ တိုးတက်အောင်မြင်မှုရရှိခြင်းမှာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားတောင်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကောင်းပင်ဖြစ်ကြောင်း။

အဆိုပါအောင်မြင်တိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင် ရွက်သွားရန် တိုက်တွန်းလိုကြောင်း။ မိမိဒေသအရေးအရာကိစ္စများကို မိမိဒေသတွင်းမှာပင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများက စုပေါင်းညှိနှိုင်း အဖြေရှာကြပြီး အဆင်ပြေ ချောမွေ့စွာ ဖြေရှင်းဆောင်ရွက်ကြသည့် စည်းကမ်းရှိသော ဒီမိုကရေစီ အလေ့အကျင့်ကောင်းတစ်ခု ကျင့်သုံးဆောင်ရွက်ကြခြင်းသည် တည်ငြိမ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသခံ တိုင်းရင်းသားအဖွဲ့ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

အေးချမ်း သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုကြောင်းကို ပြောကြားလိုကြောင်း။

တွေ့ဆုံနှုတ်ဆက်

ထို့ကြောင့် ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် တစ်လတစ်ကြိမ် ဆန္ဒဖော်ထုတ်ပွဲကျင်းပပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကောင်းများ ရရှိခံစားနိုင်ရန် ယခုကတည်းက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရေးမှာကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လင်းခေး–မိုးနဲ ကားလမ်းတစ်လျှောက်နှင့် မိုးနဲ–နမ့်စန် ကားလမ်းတစ်လျှောက်တို့၌ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ မြေပဲနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်စန်–လွိုင်လင် ကားလမ်းပိုင်းမှ မိတ္ထီလာ–တောင်ကြီး–လွိုင်လင်–နမ့်စန်–ကျိုင်းတုံ–တာချီလိတ် ကားလမ်း ပေ ၃၀ အကျယ် မြေလမ်းရရှိရေး ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးကြီးဦးကျော်ငွေးက အဆိုပါ လမ်းပိုင်းကို မိုးရာသီကာလ ပျက်စီးမှုမရှိစေရန် ထိန်းသိမ်း ဆောင်ရွက်နေမှုနှင့် လိုအပ်သည့် လမ်းအကျယ်ပြည့်မီရေး၊တောင်နံရံများနှင့် လမ်းပိုင်း အကြား ရေစီးရေလာကောင်းမွန်ရန် ရေဆင်းမြောင်းများ ဖောက်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၄)ကြိမ်မြောက် မျက်မမြင် လမ်းလျှောက်ပွဲအတွက် အလှူငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က မြို့တော်ခန်းမ အစည်းအဝေးခန်းမ (၄) ၌ ကျင်းပရာ အလှူရှင်တာမွေမြို့နယ် မေတ္တာညွန့်လမ်းရှိ MICO အထည်ချုပ်စက်ရုံမှ တန်ဖိုးငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ အထည်များကို ဒေါက်တာ တင်မောင်ဝင်းကြီးက လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသခံတိုင်းရင်းသားအဖွဲ့ ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီး စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်စန်–လွိုင်လင်–ဟိုပုံး–တောင်ကြီး ကားလမ်း တစ်လျှောက်ရှိ လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညပိုင်းတွင် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသခံတိုင်းရင်းသားအဖွဲ့ ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ မိမိတို့ တပ်မတော်အစိုးရသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အပါအဝင် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသနေပြည်သူများ၏ လက်တွဲပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ပြည်နယ်ဒေသအသီးသီးတို့မှာ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုး တိုးတက်သည့် အကျိုးရလဒ်ကောင်းများ လက်တွေ့ကျကျ တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူများအတွက် လမ်း/တံတားများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး အပါအဝင် လူမှုရေး လိုအပ်ချက်များ စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းပေးမှုများလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

မကြာမီကာလတွင် ဆက်လက်ကျင်းပသွားမည့် အမျိုးသားညီလာခံနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများကို ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် နိုင်ငံတော်၏ အကျိုးကို ရှေးရှု၍ ပြည်ထောင်စုစိတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းရင်းသား ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့နယ် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ဂန္ထဝါစက သုံးထပ်သိမ်တော်ကြီးဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အလှူငွေများလက်ခံ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အောင်ဆန်းတောရပရိယတ္တိစာသင်တိုက် ဂန္ထဝါစက သုံးထပ်သိမ်တော်ကြီးဆောက်လုပ်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်းရှိ အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို၍ အလှူငွေများလက်ခံသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ဂန္ထဝါစက သုံးထပ်သိမ်တော်ကြီးဆောက်လုပ်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အလှူရှင် တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ရွှေမြို့ဝင် ဇီးကုန်းဆရာတော် ဘဒ္ဒန္တ ကုသလ အမှူးပြုသော ဆရာတော် အရှင်သူမြတ်တို့ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် အောင်ဆန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သုဇာတထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ ဦးဝမ်းတင်က ငွေကျပ် ၁၅၆၀၀၀၀၊ ဦးမောင်မောင်တင်–ဒေါ်ခင်ခင်ရွှေမိသားစုက ငွေကျပ်၁၅သိန်း၊ ဦးစိန်ရွှေမိသားစုက ငွေကျပ် ၁၀၅၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး၊ ဦးရွှေမြမိသားစု၊ ဦးအောင်ထိန်–ဒေါ်အေးကြိုင်မိသားစုနှင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဒေါ်အေးသင်မိသားစုက ငွေကျပ် ၈၅၀၀၀၀၊ ဗိုလ်မှူးချုပ် မောင်မောင် (အငြိမ်းစား) မိသားစုက ငွေကျပ် ၇၈၇၀၀၀၊ ဆရာတော်ဦးကောဝိဒက ငွေကျပ် ၆၁၀၀၀၀၊ ဦးတင်ဖေ–ဒေါ်တင်ရွှေ မိသားစုက ငွေကျပ် ၆၆၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်–သီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေမိသားစု (သမ္မတသက်န်းတိုက်)၊ ဦးတင်ဝင်း – ဒေါ်စန်းဝင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နှစ်(၆၀)ပြည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ထိပ်သီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ဝန်ကြီး ဦးညဏ်ဝင်း နယူးယောက်သို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် နှစ်(၆၀)ပြည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ထိပ်သီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် နှစ်(၆၀)ပြည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ထိပ်သီးအဆင့်အစည်းအဝေးကို တက်ရောက်စဉ် ကာလအတွင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ–ကုလသမဂ္ဂ ထိပ်သီးညီလာခံ၊ အဆင့်မြင့် ပုဂ္ဂိုလ်ကြီးများ မျက်နှာစုံညီအစည်းအဝေး နှင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ အာရှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးဖက် နိုင်ငံများ အစည်းအဝေး၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အစည်းအဝေး၊ ၇၇ နိုင်ငံအုပ်စုအဖွဲ့ဝင် နိုင်ငံများ၏ နှစ်ပတ်လည်နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးနှင့် လူမှုနှီး ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ ကော်မတီ အစည်းအဝေးတို့ကို တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် နှစ် (၆၀)ပြည့် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ထိပ်သီးအဆင့် အစည်းအဝေး တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၉–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ စွန်ချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိန္ဒာနှင့် မိစ္ဆာခွင်းစား" (အပိုင်း–၃၇)**
၁၂:၂၀ ၅။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (တင်းနစ်)
၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"လတစ်ခြမ်းနေ နေတစ်ခြမ်းလ" (ရာဇာနေဝင်း၊ ညီနန္ဒ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ–ကိုကိုလေး)**
၂:၁၅ ၇။ တေးဂီတအစီအစဉ်
၂:၃၀ ၈။ အတီးပြိုင်ပွဲ
၂:၄၅ ၉။ International News.
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၂၅ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (ပညာရှင်အဆင့်) (အမျိုးသား၊ အမျိုးသမီး)**
၅:၃၅ ၈။ အတီးပြိုင်ပွဲ
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၅:၅၅ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း–၆)**
၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
၇:၄၅ ၁၅။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း–၇)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ငရုတ်ကောင်းကို သစ်တောအတွင်း မိရိုးဖလာစိုက်ပျိုးနည်း ခြံအတွင်း နှစ်ရှည်ပင်များတွင် တွယ်ကပ်စိုက်နည်းတို့ဖြင့် ပိုမိုစိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုဏ္ဏားကျွန်းမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငရုတ်ကောင်းမျိုးပြန့်ပွားရေးနှင့် ပညာပေးရေး စံပြခြံရှိ ငရုတ်ကောင်းပျိုးရုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

ဝက်မွေးမြူရေးတွင်လည်း လက်ရှိဝက်ကောင်ရေ ၁၄၃ ကောင် မွေးမြူထားပြီး မိသားစုဝင်များအား မွေးဖက်ဝက်ကောင်ရေ ၄၈ကောင်ပေး၍ မွေးမြူထားသည်။ ပြည်ပနှင့်တပ်တွင်းမိသားစုများအား ဝက်သား ၁၃၇၅ပိဿာကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခဲ့သည်။

ထိုမှတစ်ဆင့် စစ်တွေတပ်နယ်ပျိုးခြံသို့ရောက်ရှိကြရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ပျိုးခြံအတွင်း ရော်ဘာပင်များ ပျိုးထောင်ထားရှိမှု၊ ငရုတ်ကောင်းပင် ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားကာ ရော်ဘာမျိုးသန့်စေ့ ပျိုးဥယျာဉ်နှင့်ငရုတ်ကောင်းပျိုးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စစ်တွေတပ်နယ်ပျိုးခြံ၌ ရတနာတန်းဝင်ပျိုးပင် ၁၁၇၅၀၊ ရော်ဘာပျိုးပင် ငါးသောင်းနှင့် မျိုးစေ့တစ်သိန်းပျိုးထောင်ထားပြီး ငရုတ်ကောင်းပျိုးပင် ငါးသောင်းကိုလည်း ပျိုးထောင်စိုက်ပျိုးထားသည်။

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နံနက် ၁၀နာရီခွဲတွင် စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ပညာရေးမှူး ဦးအေးကြိုင်နှင့် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေတို့က ပြည်နယ်၏ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကိုကိုလေးက ပြည်နယ်အတွင်း သီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကြည်ဟန်က ၂၀၀၅-၂၀၀၆ခုနှစ် လယ်ယာကဏ္ဍ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးမျိုးမြင့်က စစ်တွေခရိုင် မြေပုံမြို့နယ်၌ ရေငန်တားတမံအဖြစ် ငမန်းရဲကျွန်း တာတမံတည်ဆောက်မည့်အစီအစဉ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က ရခိုင်ပြည်နယ်အတွင်း လမ်းများတိုးချဲ့ဖောက်လုပ်မည့်အစီအစဉ်၊ နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန(စစ်တွေ) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ပြည်နယ်စီမံကိန်းဦးစီးဌာနမှူး ဦးအောင်မြင့်က ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းရည်မှန်းချက် ဩဂုတ်လကုန်အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတအရင်းအမြစ်များ ကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးကို အဓိကအထောက်အကူပြုသည့် ပြည်နယ်ဖြစ်ရေးအတွက်ရှိပြီးဖြစ်သည့် အခြေအနေကောင်းများကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ကြောင်း၊ အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများစာရင်းကို စေ့စပ်သေချာစွာ စိစစ်ကောက်ယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုအပိုင်းကိုလည်း တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၌ ၂၀၀၅-၂၀၀၆ ခုနှစ်၌ မိုးစပါးဧက ၁၁သိန်း စိုက်ပျိုးရန်လျာထားရာ ဧက ၁၀သိန်း ကိုးသောင်းစိုက်ပျိုးထားပြီး ရာသီကုန်တွင် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း နောင်နှစ်တွင် ဧကတစ်သိန်းထပ်တိုးကာ ဧက ၁၂သိန်းစိုက်ပျိုးနိုင်ရန် စီမံချက်ရေးဆွဲ၍ ယခုကတည်းကပင် လိုအပ်သည်များကို ကြိုတင်စီမံဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် ပဲသုံးမျိုး၊ ဆီထွက်သီးနှံ သုံးမျိုးအပြင် ဒေသ၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် သီးနှံများကို စိုက်ဧက တိုးချဲ့ရေး၊ အထွက်တိုးရေး သီးထပ်သီးညှပ် စိုက်ပျိုးရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်အနေဖြင့် ရော်ဘာကို အဓိကထား၍ ဧကတစ်သိန်းစိုက်ပျိုးရန် ရည်မှန်းချက်နှင့်အညီ ကာလတို သုံးနှစ်အတွင်း ဧကသုံးသောင်း တိုးချဲ့စိုက်ပျိုးရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမယ်သစ်သီးနှံအဖြစ် ငရုတ်ကောင်းကိုလည်း နှစ်အလိုက်သတ်မှတ် လျာထားချက်နှင့်အညီ တစ်နှစ်လျှင် ဧက ၅၀၀၀တိုးချဲ့ပြီး တစ်နိုင်ငံလုံးတွင် ငရုတ်ကောင်းအများဆုံး စိုက်ပျိုးသည့်ပြည်နယ်အဖြစ် သတ်မှတ်ခံရသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သည် ပုစွန်ကန်ဧက ၁၅၀၀၀၀ ရှိပြီး တစ်နိုင်ငံလုံးတွင် အများဆုံးရှိသည့် ပြည်နယ်ဖြစ်ကြောင်း၊ ရေငန်ပုစွန်မွေးမြူရာတွင် စိုက်ပျိုးလယ်မြေများ ထိခိုက်ပျက်စီးမှုမရှိစေဘဲ အထွက်တိုးရေး အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် မိမိတို့ဝန်ကြီးဌာန လုပ်ငန်းတာဝန်များအပြင် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဒေသခံပြည်သူများနှင့်အတူ တက်ညီလက်ညီ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်နှင့် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကျောက်တန်းတံတား

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာရာ အမ်း-စစ်တွေ မော်တော်ကားလမ်း မိုင်တိုင်အမှတ်(၁၉၁/၁)ရှိ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)၏ ကျောက်တန်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က တံတားတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောက်တန်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်တန်းတံတားသည် စစ်တွေမြို့နယ်၌ တည်ရှိ၍ တံတားအရှည် ၄၅၂ပေ ငါးလက်မ၊ အကျယ် ပေ ၃၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ ဖြစ်ပြီး လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီဖြစ်သည်။ တံတားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ခွင့်ပြုအလေးချိန်တန် ၆၀ဖြစ်ကာ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းမီစွာ တည်ဆောက်ပြီးစီးနိုင်ရေးအတွက် စီမံကိန်းအထူးအဖွဲ့ (၁၀)က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီ မိနစ် ၅၀တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇ်မင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ် ဆန်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်တို့မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က မြို့နယ်ဆိုင်ရာအချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးနှင့် လူမှုရေးများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည့် ပုဏ္ဏားကျွန်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်မသွားစေဘဲ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ စီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ရေး၊ အထူးသဖြင့် ငရုတ်ကောင်းစိုက်ပျိုးရေးတွင် သစ်တောများအတွင်း၌ မိရိုးဖလာစိုက်ပျိုးနည်း၊ အိမ်ခြံဝင်းအတွင်းရှိ နှစ်ရှည်ပင်များတွင် တွယ်ကပ်စိုက်ပျိုးနည်းတို့ကို အသုံးပြု၍ ပိုမိုတိုးတက်အောင် စိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေးအတွက် တာဝန်ရှိသူများက မြေနေရာ၊မျိုး၊ စိုက်ပျိုးနည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရေး၊ မွေးမြူရေးနှင့် ပတ်သက်၍ ဒေသကြက်မွေးမြူရေးကို ထိရောက်အောင် တိုးချဲ့မွေးမြူဆောင်ရွက်ရေး၊ ပုစွန်မွေးမြူရာတွင် အထွက်နှုန်းတိုးရေးအတွက် သိပ္ပံနည်းကျ စနစ်တကျမွေးမြူရေး၊ ဝန်ထမ်းများအနေဖြင့် ပင်မတာဝန်ဖြစ်သည့် ဝန်ကြီးဌာန လုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရေးတို့ကို တိုက်တွန်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စိုက်ပျိုးပြီးစီး

ပုဏ္ဏားကျွန်းမြို့နယ်အနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၆၃၁၅၄ဧက၊ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာ ၅၂၇ဧကနှင့် သစ်ဆိမ့် ၄၉၅ဧက၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်း ၁၅၇၅ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငရုတ်ကောင်းမျိုးပြန့်ပွားရေးနှင့် ပညာပေးရေး စံပြခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ခြံတာဝန်ခံ ဒေါ်မစန်းဝင်းက ငရုတ်ကောင်းပျိုးပင် ၄၁၀၀၀ စိုက်ပျိုးထားရှိမှု၊ ဒေသခံများအား ပျိုးပင် ၂၅၀၀၀ ဖြန့်ဖြူးပြီးစီးမှု၊ ရော်ဘာစေ့ပျိုးပင် ၃၁၀၀၀ပျိုးထောင်စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စံပြခြံရှိပျိုးရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ရန်ကုန်-စစ်တွေလမ်းအပိုင်း(၃) မြောင်းဘွေ-စစ်တွေအပိုင်း မိုင်တိုင်(၉၉/၄)မှ (၁၉၉/၃) ထိ ၉၉ မိုင်၊ ခုနစ်ဖာလုံ လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးစိုးတင်က မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် စစ်တွေမြို့နယ်များအတွင်းရှိ လမ်းများကို မိုးရာသီတွင် ယာဉ်များသွားလာမှု၊ ပြတ်တောက်မှု မရှိစေရန် အပိုင်းလိုက် ပြုပြင်ဆောင်ရွက်မှု အခြေအနေနှင့် ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လမ်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းစီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီ မိနစ် ၅၀တွင် စစ်တွေခရိုင် ကျောက်တော်မြို့သို့ ရောက်ရှိကြပြီး ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောက်တော်မြို့နယ်၌ ၂၀၀၅ -၂၀၀၆ ခုနှစ် မိုးစပါးကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးပြီးဖြစ်သော်လည်း ယခုထက်ပိုမို၍ စိုက်ပျိုးနိုင်သရွေ့ စိုက်ပျိုးကြရေး၊ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ဧက လျာထားသတ်မှတ်ချက်နှင့်အညီ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြံကို ဧက ၃၀၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား စည်းရုံးဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို အကောင်အထည်ဖော်ရာတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်၍ မြို့နယ်တွင် ဖွဲ့စည်းထားသည့် ကဏ္ဍအလိုက် ကော်မတီများက အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံ ပြည်သူများကလည်း ညီညီညွတ်ညွတ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး တို့ကို မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▶

▶ စာမျက်နှာ ၁၀ မှ

ကျောက်တော်မြို့နယ်၌ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါး ၉၁၉၁၄ ဧက စိုက်ပျိုးရန် လျာထားရာ ဩဂုတ် ၂၈ရက်တွင် လျာထားချက်ထက် ကျော်လွန်၍ မိုးစပါး ၉၁၉၉၆ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ငရုတ်ကောင်း စိုက်ပျိုးမှုတွင် ၂၀၀၄ ခုနှစ်၌ ၉၆၈ဧက စိုက်ပျိုးခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဧက ၃၀၀စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၂၅၀၀၀၀ ကို ကျေးရွာအုပ်စုများနှင့် ဌာနဆိုင်ရာများသို့ ဖြန့်ဖြူးစိုက်ပျိုးစေခဲ့ပြီး သေပျောက်ပင်များ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ပျိုးခြံများ၌ ပျိုးပင် ၃၅၀၀၀ ကို အသင့်ထပ်မံပျိုးထောင်ထားရှိသည်။

ရော်ဘာစိုက်ပျိုးမှုတွင် ၉၁ဧကစိုက်ပျိုးထားရှိပြီး ထပ်မံ၍ ဧက ၄၈၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ချက်ကြံစိုက်ပျိုးမှုတွင် ၂၀၀၅–၂၀၀၆ ခုနှစ် ကြံရာသီအတွက် ဧက ၅၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ချက်ကြံသီးနှံအထွက်တိုးရေး စီမံကိန်းအရ ဧက ၁၅၀၀စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

မိသားစု (ကေအင်န်ကုမ္ပဏီ)၊ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး) လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ၊ ဦးရှောင်စန်း (ကရောင်း သံရည်ကျိုလုပ်ငန်း)၊ သီရိသုဓမ္မသီဂီ ဒေါ်အေးမြနွယ်တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါ်တင်အေးမိသားစု (ဆွေမွန် မြန်မာဆေးဆိုင်)က ငွေကျပ် ၃၅၀၀၀၀၊ ဦးတင်အောင်–ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း)၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်(ဆန်း မြန်မာ အင်တာနေရှင်နယ်အင်တာပရိုက်)၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် (ဘီတီဘီ ကုမ္ပဏီ)၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ တိုင်းရင်းဆေး ထုတ်လုပ်ရေးလုပ်ငန်း)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ ဦးထွန်းမြင့် – ဒေါ်စန်းစန်းဦး(မဉ္ဇူထွန်းကုမ္ပဏီ၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်း) တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးသန်းမောင်–ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)က ငွေကျပ်၂၃၄၀၀၀၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၊ ဦးကြူ ဂျုံစက်၊ ရန်ကုန်တိုင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)၊ သမားတော်ကြီးဦးရွှေမြ–ဒေါ်ခင်ယုံ မိသားစု၊ ဦးချစ်ဟန်–ဒေါ်မြကြည် မိသားစု၊ ရွှေသဇင် စင်ဒီကိတ်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးခင်မောင်ထွန်း (ထက်လင်းဆေးတိုက်)၊ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ သီရိသုဓမ္မသီဂီဒေါ်မြသိန်း၊ သား ဦးရန်ရှင်းမိသားစု၊ ဦးငြိမ်း–ဒေါ်အုံးကျင်မိသားစု(အိုကေ–ဆန်ပွဲရုံ)၊ ဦးနိုင်ဝင်း–ဒေါ်ခင်မိုးဆွေ (ရွှေဝင်း ကုမ္ပဏီ)၊ ဦးလှမြင့်၊ ဦးကြည်စိုး (ကေသီပန်ဆေးတိုက်)၊ ဦးစိုးဟန်လင်း မိသားစု၊ ဒေါ်လှလှမိသားစု၊ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)၊ ဦးသိန်းထွန်း–ဒေါ်ခင်မြမျိုးနွယ် (ICE LAND စတိုး)၊ မင်္ဂလာဒုံတပ်မြို့ စည်ပင်သာယာရေးအဖွဲ့၊ ဦးအောင်ကျော်မြင့် (U.P.G ကုမ္ပဏီလီမိတက်)၊ ဦးအေးကျော် (ပွင့်သစ်ထွန်းစက္ကူပုံးလုပ်ငန်း)၊ ဦးကျော်ခင် – ဒေါ်အေးနန်း (လှိုင်သာယာစက်မှုဇုန်)၊ ဦးအောင်ဇံ–ဒေါ်ဌေးဌေးအုံးမိသားစု၊ ဦးသန်းနိုင်မိသားစု၊ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း (ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ) မိသားစု၊ ရန်ကုန်တိုင်းသစ်ရောင်းဝယ်ရေး၊ ဦးဝေလင်းမိသားစု၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ရွှေအုန်းပင် နို့ဆီ လုပ်ငန်းမိသားစု၊ ဦးအေးမင်း–ဒေါ်တင်ရီမိသားစု၊ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကုသလ၊ ဦးအောင်ရွှေ–ဒေါ်မြမြလင်း(စိန်ခဲ၊ ရွှေခဲ၊ ငွေခဲင်ပြာ ရည်လုပ်ငန်း) ၊ ဆရာတော်ဦးနာရဒ၊ ဦးသန်းဝင်း–ဒေါ်ခင်လှိုင်(ကျော်စတိုး)၊ Fantasy World ၊ ဗိုလ်မှူးသိန်းနိုင်၊ ဒေါ်စန်းစန်းဌေးမိသားစု၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ဦးသိန်းစိုး–ဒေါ်တင်တင်ဝင်း မိသားစုတို့က ငွေကျပ် တစ်သိန်းစီ အပါဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၂၀၇၂၁၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး အနုမောဒနာ မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

တင်ပြလျှောက်ထား

ထို့နောက် ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ကျောင်းတော်ကြီး ဆောက်လုပ်နိုင်ရေး စီမံထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလျှောက်ထားသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေမြို့ဝင် ဇီးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလထံမှ အနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ၊ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၉–၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြန်မာ–ကိုရီးယားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၃၀) မြောက် အထိမ်းအမှတ် ခေတ်ပြိုင်ပန်းချီပြပွဲ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	ဗွီစီဒီမိတ်ဆက် (သီချင်းချစ်သူ) (ဂျပန်သံစဉ် မြန်မာသီချင်းများ)
၇း၅၅	နှစ်ရှည်စီးပွားတိုးစေဖို့ သီဟိုဠ်ပင်ကိုစိုက်ကြစို့
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	Sunday Talk
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	နေသားတကျအရေပြားအလှ (အသားအရေထိန်းသိမ်းခြင်း)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ အပိုင်း–၁)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	မြန်မာ့မြေအောက်သယံဇာတများ ရွှေနှင့် ခဲမဖြူ သတ္တုတူးဖော်ရေးလုပ်ငန်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၉း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Cartoons(Live)
၉း၃၀	Bolton-Blackburn	5-Cartoons(Live)
၁၁း၃၀	Final Score	5-Cartoons(Live)

☆ ၂၀၀၅ခုနှစ် ရန်ကုန်တိုင်းမှ

ရှေးဦးပြုစုခြင်း(First Aid) ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာ၊ အနာတရဖြစ်ပွားပါက ဆေးရုံ၊ ဆေးပေးခန်းများတွင် စနစ်တကျ ဆေးဝါးကုသမှု မပြုလုပ်နိုင်သေးသည့် အရေးပေါ်အခြေအနေများတွင် ထိခိုက်ဒဏ်ရာရရှိမှုမှ သက်သာစေရန် ဒဏ်ရာ ပိုမိုမဆိုးရွားသွားစေရန်နှင့် အသက်ကယ်ရန်အတွက် လူနာအား ရှေးဦးထိတွေ့ အကူအညီပေးခြင်းပင်ဖြစ်ကြောင်း၊ ကြက်ခြေနီအသင်းသည် လူသားခြင်း စာနာထောက်ထားမှုကို အခြေခံသည့် လူမှုကရုဏာအသင်းကြီးဖြစ်သည်နှင့်အညီ **“ဆင်းရဲဒုက္ခနည်းပါး သက်သာစေရန်”** ဟူသည့် ရည်ရွယ်ချက်ထားရှိပြီး အဆိုပါ ရည်မှန်းချက်အောင်မြင်ရေးအတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခရောက်သူများအား ကူညီရန်ဆိုသည့် လုပ်ငန်းစဉ်သုံးရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ကသမားရိုးကျ ထိခိုက် အနာတရဖြစ်သည့်အခါမှသာ ပြုစုပေးရန် ရည်ရွယ်ခဲ့ရာမှ ယခုအခါ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာကာကွယ်ရေး၊ မြှင့်တင်ရေး လုပ်ငန်းများတွင်ပါ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာသည်ကို တွေ့နေရသည့်အတွက် ကြက်ခြေနီလုပ်ငန်းသည်များစွာတိုးတက်ကျယ်ပြန့်မြင့်မားလာသည်ကိုလည်း တွေ့မြင်နေရကြောင်း၊ လူမှုဂရုဏာလုပ်ငန်းကို စိတ်ဝင်တစား၊တက်ကြွစွာဆောင်ရွက်နေကြသည့် စေတနာလုပ်အားရှင်ကြက်ခြေနီ အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ကြက်ခြေနီ အခြေခံမူ(၇)ချက်ကို တိကျစွာ လိုက်နာပြီး တိုးတက်ပြောင်းလဲလာသော ကြက်ခြေနီ သဘောတရားများနှင့် အညီ မိမိတို့တတ်သိထားသော ရှေးဦးပြုစုခြင်းအတတ်ဖြင့် နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ကြစေလိုကြောင်း၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်ဖြစ်သည့် **“ဘေးဖြစ်လွယ်သူ အားပေးကူ ရှေးဦးပြုစုခြင်းဖြင့် တာဝန်ယူ”**ဟူသော ဆောင်ပုဒ်နှင့် အညီ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ရှားမှုများကိုတိုင်းပြည်နှင့် လူမျိုးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ကြောင်းဖြင့် ပြောကြားသည်။

တံခွန်စိုက်အလံပေးအပ်

ယင်းနောက် တိုင်းကြက်ခြေနီ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က ၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း သူနာပြုစွမ်းရည်၊ စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း ပြိုင်ပွဲတွင် ရရှိခဲ့သော တံခွန်စိုက်အလံကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်းနှင့် တပ်ဖွဲ့ဝင် တစ်ဦးတို့က ၂၀၀၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း သူနာပြု စွမ်းရည်စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း ပြိုင်ပွဲတွင် ရရှိခဲ့သော စွမ်းရည် တံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်သည်။

ထို့နောက် တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီဦးစီးဒုတိယတန်း ဦးကျော်မြင့်နှင့် တပ်ဖွဲ့ဝင်တစ်ဦး တို့က ၂၀၀၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီ နေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း သူနာပြုစွမ်းရည် စစ်ရေးပြနှင့် လူထု အတွင်း ရှေးဦးပြုစုခြင်း ပြိုင်ပွဲတွင် ရရှိခဲ့သော စစ်ရေးပြတံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရာသက်ပန် အသင်းဝင်အင်အား အကောင်းဆုံး စည်းရုံးနိုင်သော မြို့နယ်ဆုအဖြစ် ပထမရရှိသည့် သာကေတမြို့နယ်၊ ဒုတိယရရှိသည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နှင့် တတိယဆုရရှိသည့် ဗိုလ်တထောင်မြို့နယ်တို့မှ ကိုယ်စားလှယ်အသီးသီးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်နယ်နှင့် တိုင်း သူနာပြုစွမ်းရည်၊ စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်းပြိုင်ပွဲတွင် (မ)တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၊ (ကျား) လေးယောက်တွဲ ထမ်းစင်ပြိုင်ပွဲ၊ (မ) လေးယောက်တွဲ ထမ်းစင်ပြိုင်ပွဲ၊ လူထု အတွင်း ရှေးဦးပြုစုခြင်းပြိုင်ပွဲ၊(ကျား) စစ်ရေးပြပြိုင်ပွဲ၊ (မ)စစ်ရေးပြပြိုင်ပွဲ တို့တွင် ပထမဆုဆွတ်ခူးရရှိသော ရန်ကုန်တိုင်း ကိုယ်စားပြု တပ်ဖွဲ့ဝင် များအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြု ဆုများကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း ကိုယ်စားပြု ထူးချွန်ကြက်ခြေနီလူငယ်များအား ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုဆုများကို လည်းကောင်း၊ ၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦး ပြုစုခြင်းနေ့ အထိမ်းအမှတ် သူနာပြု စွမ်းရည်ပြိုင်ပွဲတွင် (ကျား)တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၊ (မ) တစ်ဦးချင်း စွမ်းရည် ပြိုင်ပွဲ၊ (ကျား)နှစ်ယောက်တွဲစွမ်းရည် ပြိုင်ပွဲ၊ (မ)နှစ်ယောက်တွဲ စွမ်းရည်ပြိုင်ပွဲ တို့တွင် ဆုရရှိကြသူများအား ဂုဏ်ပြု လက်မှတ်နှင့် ဂုဏ်ပြုဆုများကို လည်း ကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းက ကြီးမှူးကျင်းပသော ဖိတ်ခေါ် ပိုစတာပြိုင်ပွဲတွင် မူလတန်း၊ အလယ် တန်း၊ အထက်တန်း၊ တက္ကသိုလ်နှင့် အလွတ်တန်းပြိုင်ပွဲတို့၌ ဆုရရှိသူများ အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆု များကို လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ လှမြင့်၊ ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းကျန်း မာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများ က ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ရန်ကုန်တိုင်း ကြက်ခြေနီ ကြီး ကြပ်မှုကော်မတီအတွက် ပေးအပ် လှူဒါန်းသော အလှူငွေကျပ်တစ်သိန်း ကို အဖွဲ့ဝင် ဒေါ်ခင်မြင့်ဝေက ပေးအပ် ရာ ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဒေါက်တာ သန်းဝင်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာပညာရှင်အသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် စာမေးပွဲအောင်မြင်ကြသူများ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဝိုင်းဝန်းကူညီခဲ့ကြသော ဆရာ၊ ဆရာမများအား အောင်လက်မှတ်၊အသိအမှတ်ပြုရင်ထိုး၊ ပြိုင်ပွဲဆု၊ သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးတွင် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ် (၄၀) အခြေခံပညာမူလတန်းကျောင်း နှစ်ပတ်လည်ဆုပေးပွဲ ကို စက်တင်ဘာ ၁၀ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရရှိသော မောင်အောင်ကျော်မင်းအား ကျောင်းအုပ်ဆရာကြီး ဦးစိန်ဌေး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၀

ယခင် မက်သဒစ်ဟိုက်စကူးနှင့် ယခု အထက(၁)ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူ၊ကျောင်းသားဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၇ရက်(စနေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ကျောင်းသားဟောင်းများအနေဖြင့် ဦးကျော်မောင် ဖုန်း-၀၉၅၀-၁၉၇၈၂၊ ဦးစိုးညီညီ ဖုန်း-၀၉၉၉-၂၁၇၂၀၊ ဒေါ်ထားချို ဖုန်း-၀၉၅၀-၀၁၆၄၆၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉၉၉-၂၄၅၇၄၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံနှင့် ဒေါ်ဝေမာဝင်း ဖုန်း-၀၉၈၀-၃၂၂၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင် ပခုက္ကူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်ဦးစီးဌာနရုံး ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (လဝက)

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၁၀

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ x ၁၂လက်မ(သို့မဟုတ်) ၁၀x၁၄ လက်မထက် မငယ်သော အရွယ်အစား (Print)ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ(Caption)အပြည့်အစုံပါရှိရမည်ဖြစ်ပြီး ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ်၊ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၅ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိကြသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)



သယ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက်ရှိ သတ္တဌာန ဗုဒ္ဓရုပ်ပွားတော် ခုနစ်ဆူတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ သတ္တဌာန ဗုဒ္ဓါနုဿတိ ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ယင်းကျောင်းတိုက်ကြီး၌ ကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ အာသဘ အရှင်သူမြတ်က တရားတော်များ ဟောကြားချီးမြှင့်စဉ်။ (၅၀၆)

ပညာရေးဒုတိယဝန်ကြီးဦးမျိုးညွန့် ပြည်တက္ကသိုလ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် လိုက်ပါလျက် စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် ပြည်တက္ကသိုလ်သို့ရောက်ရှိပြီး ပြည်တက္ကသိုလ် ပြတိုက်ကို ကြည့်ရှုစစ်ဆေးကာ စုဆောင်းထားရှိသော ပျူခေတ်ဆိုင်ရာ အထောက်အထားများကို စနစ်တကျ အမျိုးအစားခွဲခြားပြီး စာရင်းပြုစုထားရှိရန်၊ နောင်တွင် ရေရှည်အသုံးပြုနိုင်ရေးအတွက် Database တစ်ခုဖွင့်လှစ်ထားရန်နှင့် တိုးချဲ့ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းမဆောင်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြသရုပ်ပြ ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးအရာရှိများအားတွေ့ဆုံ၍ ပညာရည်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ၊ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်မဆောင် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ စီမံခန့်ခွဲရေးအရာရှိများနှင့် ထပ်မံတွေ့ဆုံပြီး တက္ကသိုလ်၏ သင်ကြားရေး အရည်အသွေးမြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၉ရက် နံနက်ပိုင်းတွင် ပြည်တက္ကသိုလ် စာသင်ဆောင်များနှင့် ဆရာ၊ဆရာမ အိပ်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၀ ရက်ကကျင်းပသည့် ၂၀၀၅ခုနှစ်အဌမအကြိမ်မြောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲတွင် တံခွန်စိုက် ဒိုင်းဆုရရှိသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသောင်းမြင့် ဒိုင်းဆုချီးမြှင့်စဉ်။ (အား/ကာ)

ဒုတိယဝန်ကြီးဦးမောင်အောင် လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၄ရက်တွင် ရန်ကုန်မှထွက်ခွာ၍ သာယာဝတီခရိုင် ဦးစီးမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ စက်တင်ဘာ ၅ရက်တွင် ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအား တွေ့ဆုံပြီး ကျေးရွာများ၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်းကောင်း၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ် ဦးစီးဌာန ရုံးဝန်ထမ်းများအားတွေ့ဆုံ၍ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် အဖွဲ့သည် စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့နယ်သို့ ရောက်ရှိပြီး ဦးစီးဌာနရုံးဝန်ထမ်းများ၊ ကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်နေသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၇ရက်တွင် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ် ဦးစီးဌာနရုံးများမှ ဝန်ထမ်းများ မြို့နယ်အတွင်း ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် မကွေးတိုင်း ဦးစီးဌာနမှူးရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် အဖွဲ့သည် စက်တင်ဘာ ၈ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာနနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (W.F.P)မှ မကွေးတိုင်း တာဝန်ခံနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ မူဝါဒများကို ရှင်းလင်းဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာရာ လမ်းခရီးတစ်လျှောက်ရှိ ဌာနဆိုင်ရာရုံးများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ်ရှိ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းသည့် ကျပ် နှစ်သိန်းကျော်တန်ဖိုးရှိ ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက်က ကျိုက္ခမီမြို့ အောင်သုခရပ်ကွက် မူလတန်းလွန်ကျောင်းတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ကျောင်းသုံးပစ္စည်းများကို အောင်သုခရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်ထူးထံ ပေးအပ်စဉ်။ (မြို့နယ်ပညာရေး)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၀

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရှမ်းပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့ကဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

စက်တင်ဘာ၁၁ရက်နေ့ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် -သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Measures of Disperrsion and Further of Descriptions (ပထမနှစ်-စီးပွားရေးပညာ)**
- ၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံသာပျံပါ ထက်အာကာ" (အပိုင်း-၅)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၁၇။ **English Premier League ဘောလုံးပွဲ -Bolton Wanderers Vs Blackburn Rovers (Live)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရေနံချောင်းစက်မှုဇုန်ထုတ်ပစ္စည်းများ ကြည့်ရှုစစ်ဆေး စက်မှုကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး မှာကြား

ရန်ကုန် စက်တင်ဘာ ၁၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ပြည်မြို့ ဧရာဝတီတံတား (နဝဒေး)ကို ဖြတ်သန်း၍ ပန်းတောင်းမြို့နယ် ဥသျှစ်ပင် လမ်းခွဲမှတစ်ဆင့် ပုသိမ်-မုံရွာလမ်း၊ ပဲခူးတိုင်းနှင့် မကွေးတိုင်းနယ်စပ် ကံမမြို့နယ် မိုင်တိုင်အမှတ်(၂၀/၃)သို့ သွားရောက်ရာ ဥသျှစ်ပင်-မင်းတုန်း လမ်းပိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လမ်းကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကံမမြို့နယ်အလယ်ချောင်းကျေးရွာ၌ မိုးစပါးများ စိုက်ပျိုးဖြစ်ထွန်းမှုကို လည်းကောင်း၊ မင်းတုန်းမြို့နယ် စပါးတန်းကျေးရွာ၌ မနောသုခ မျိုးသန့်စပါးဧက ၁၀၀ မျိုးသန့် စိုက်ခင်းကို လည်းကောင်း၊ မင်းတုန်း-ပဒန်းလမ်းအပိုင်း အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ညွှန်ကြားဆောင်ရွက်

စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ရေနံချောင်းစက်မှုဇုန်ရှိ မြန်မာ့မိတ်ဆွေသုံးဖော်-သုံးဘီး မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ စက်ရုံ၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်သည့် စက်အစိတ်အပိုင်းပစ္စည်းများနှင့်မော်တော်ဆိုင်ကယ်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံကာ စက်မှုကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးပြီး စက်မှုဇုန်မှ ထုတ်လုပ်သော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်အင်တောကျေးရွာအုပ်စု၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မြေပဲသီးနှံစံပြကွက်တွင် မြေပဲမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးမှုနှင့်တောင်သူ ဦးနွယ်ဒါန်း၏ယာမြေ တစ်ဧကတွင် ဆင်းပဒေသာ (၆) မိုးမြေပဲများ စိုက်ပျိုးဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက်တိုင်းမှူးသည် ကျောက်ပန်းတောင်းမြို့နယ် မကျီးကိုင်းကျေးရွာအုပ်စု၌ ကြက်မောက်တောင်ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော မနောသုခမိုးစပါး မျိုးသန့်စံပြစိုက်ကွက်ဧက ၅၀ ၌ ဓာတ်မြေဩဇာကြဲပက်ပွဲသို့သွားရောက်၍ တောင်သူများစုပေါင်း၍ ဓာတ်မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကြက်မောက်တောင်ရေလှောင်တမံ ရေကူပေးရေးစီမံကိန်း၊ တောင်ရေရေလှောင်တမံမှ ကြက်မောက်တောင် ရေလှောင်တမံ ဆက်သွယ်မြောင်း ဥမင်အထွက်နှင့် အဝင်တို့မှ ကြက်မောက်တောင် ရေလှောင်တမံသို့ ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင်တိုင်းမှူးသည် မိတ္ထီလာမြို့ရှိ မုန်တိုင်ဆည် ရေဝင်ရောက်ထိန်းသိမ်းမှုနှင့် စိုက်ပျိုးရေပေးဝေမှု အခြေအနေများ၊ သီးကုန်းကျေးရွာမှ မုန်တိုင် ဆည်ရေသောက် စနစ်ဖြင့် မနောသုခ မိုးစပါးများ စိုက်ပျိုးထားရှိမှု၊ မိတ္ထီလာကန် ရေကူပေးရေးစီမံကိန်း၊ လွန်ငင်တမံများ တည်ဆောက်ပြီးစီးမှု၊ ပျော်ဘွယ် မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံနှင့် ရေသွယ်မြောင်းများ တည်ဆောက်ပြီးစီးမှု၊ ညောင်ကုန်း ရေလှောင်တမံ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ (သတင်းစဉ်။)

မုံရွာခရိုင် တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ဟသ်ာတမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်မှုကို ဦးစီးအရာရှိ ဦးမျိုးဟန်နှင့်ဒုဦးစီးမှူး(သန့်) ဦးဇော်ဝင်းတို့ ဩဂုတ် ၂၇ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်

ရွှေဘို ဩဂုတ် ၂၅

ရွှေဘိုခရိုင်အဆင့် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကြီးအောင်ခန်းမ၌ ဩဂုတ် ၂၅ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်း၊ အဖွဲ့ဝင်-၂ ဒုတိယရဲမှူးကြီးမြင့်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ ခရိုင်မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝေနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုနှင့်အဖွဲ့ဝင်များ၊ ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင် အဆို၊ အက၊ အရေး၊ အတီးယှဉ်ပြိုင်မည့်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြိုင်ပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။ **(ခရိုင်ပြန်/ဆက်)**

သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၀

စိတ္တသုခဝတ်အဖွဲ့၊ အေးကမ္ဘာကုသိုလ်တော်အဖွဲ့၊ ရွှေတိဂုံစေတီ စနေထောင့် အောင်ရွှေထီး အဓိဋ္ဌာန်အဖွဲ့မှ ဒေါ်တင်တင်ဆင့် **(အောက်ပုံ)**သည် ဩဂုတ် ၁၀ ရက်တွင် သားဖွားမီးယပ်နှင့်ကလေးဆေးရုံ ခုတင်(၃၀၀)မင်္ဂလာဒုံဆေးရုံတွင် (၄၈)ကြိမ် မြောက်သွေးလှူဒါန်းသည်။ **(က-ပ)**

ကျောက်တန်းမြို့ သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ် ၃၁ ရက်က စံချိန်မီရပ်ကွက် အားကစားရုံ(၁)လမ်း လမ်းဘေးဝဲ၊ယာမြက်များအား မြက်ဖြတ်စက်များဖြင့် ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်း ရှင်းလင်းခြင်း လုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဖြူညွန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးမင်းတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေးစည်းဝေး

ကောလင်း ဩဂုတ် ၃၀

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကျေးရွာကောင်စီတို့ ပူးပေါင်း၍ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေး အစည်းအဝေးကို ဩဂုတ် ၂၅ရက်က ကောလင်းမြို့နယ် ဖလဲအုပ်စု ရာရှည်တောင် ကျေးရွာ အမှတ်(၃)ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ သုဒဿန၊ ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ မြဝတီစာကြည့်တိုက်မှူး ဦးမြဟန်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်) နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်တို့ တက်ရောက်ကြသည်။ ညွှန်ကြားအစည်းအဝေးတွင် ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်ကအမှာစကားပြောကြားပြီး စာကြည့်တိုက်မှူး ဦးမြဟန်က စာအုပ်စုဆောင်းထားရှိမှု အခြေအနေကို တင်ပြဆွေးနွေးသည်။

ဆွေးနွေး

ထို့နောက် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က မြဝတီ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး၊ စာအုပ်စာတမ်းများ စုဆောင်းရေး၊ စေတနာရှင်များ စုစည်းနိုင်ရေး၊ စာကြည့်တိုက် နေရာသတ်မှတ်ရေးနှင့် ပရိဘောဂများ ထူထောင်ရေးတို့ကို ဆွေးနွေးသည်။ (၂၁၄)

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို စက်တင်ဘာ၃ ရက်က မြစ်ကြီးနားမြို့ ပြည်သူ့အားကစားပြိုင်ကွင်းတွင်ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော စီတာပူရပ်ကွက်အသင်း ခေါင်းဆောင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညိုမောင်အားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှမြင့် ဆုဖလားချီးမြှင့်စဉ်။ (က-ပ)

မွန်ပြည်နယ် မုဒုံမြို့နယ်ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဩဂုတ် ၃၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိသူ မဝါဝါလွင်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်စိုး ဆုချီးမြှင့်စဉ်။ (၄၄၁)

မြို့နယ်သတင်းများ

ဇီးကုန်းအထက ကျောင်းကြက်ခြေနီသင်တန်းဖွင့်

ဇီးကုန်း ဩဂုတ် ၃၀

၂၀၀၅ခုနှစ် ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ လှုပ်ရှားမှုအဖြစ် ကျောင်းကြက်ခြေနီ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း (အနောက်ပိုင်း) ဇီးကုန်းမြို့ အထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမျိုးမြင့်ဦးနှင့် မြို့နယ် ပညာရေးမှူး ဦးခင်မောင်သော်ဒိုင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အခမ်းအနားတွင် ကြက်ခြေနီတပ်ရင်း ဒုတပ်ရင်းမှူးဦးခင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းသို့ ဇီးကုန်းမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၀၅ ကျောင်းတို့မှဆရာ၊ဆရာမ ၂၁၀ တက်ရောက်ကြသည်။ (၂၈၉)

နှစ်ရှည်ပင်ရော်ဘာကို ကာလတိုသုံးနှစ်အတွင်း ကေသုံးသောင်း တိုးချဲ့စိုက်ပျိုး တစ်နိုင်ငံလုံးတွင် ရေတတ်ကောင်း အများဆုံးစိုက်ပျိုးသည့်ပြည်နယ်ဖြစ်ရန် ကြိုးပမ်း ရေငန်ပုစွန် မွေးမြူရာတွင် စိုက်ပျိုးမြေများ ပျက်စီးမှုမရှိစေဘဲ အထွက်တိုးရန် ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၀

ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၇ရက် နံနက်ပိုင်းတွင် စစ်တွေတပ်နယ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံအတွင်း သစ်ပင်အမျိုးပေါင်း ၂၄မျိုး စိုက်ပျိုးထားရှိမှု၊ ဒေသဝက်နှင့် မျိုးသန့်ဝက်များမွေးမြူမှု၊ ဒေသကြက်မွေးမြူမှုနှင့် ပြင်ပနှင့် တပ်တွင်းမိသားစုများအား ရောင်းချပေးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံပြည်သူများနှင့် မိသားစုဝင်များ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို တိုးချဲ့မွေးမြူရေး မှာကြားပြီး ဝက်မွေးမြူရေးခြံနှင့် ဒေသကြက်မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စစ်တွေတပ်နယ်ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ လက်ရှိ ဒေသကြက် ၆၄၄ကောင် မွေးမြူထားပြီး မိသားစုဝင်များအား မွေးဖက်ကြက်ကောင်ရေ ၂၆၄ကောင်ပေး၍ မွေးမြူထားသည်။ ပြင်ပနှင့်တပ်တွင်း မိသားစုဝင်များအား ကြက်သား ၁၅၄ပိဿာ ရောင်းချခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေတပ်နယ် ပျိုးခြံအတွင်း ရော်ဘာမျိုးသန့်စေ့ပျိုးဥယျာဉ်နှင့် ရေတတ်ကောင်းပျိုးခြံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၅ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း သူနာပြုစွမ်းရည် စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း ပြိုင်ပွဲများတွင် ရရှိခဲ့သော စစ်ရေးပြတံခွန်စိုက်ဒိုင်းကို ဦးကျော်မြင့်နှင့် တပ်ဖွဲ့ဝင် တစ်ဦးက ပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့် အမှုဆောင်များ၊ ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရှေးဦးပြုစုခြင်းအတတ်ပညာကို အလေးအနက်ထားခြင်း၊ ဂုဏ်ပြုခြင်းတို့ကို ဖော်ညွှန်းရန် ရည်ရွယ်ပြီး ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် သတ်မှတ်ပြီး ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာတစ်ဝန်းတွင် စတင်ကျင်းပခဲ့ရာမှ ယနေ့ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် တတိယအကြိမ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ကျင်းပခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ☆

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀–၉–၂၀၀၅)

မော်လမြိုင်
၆ ဒသမ ၄၆ လက်မ

ဒွေး
၄ ဒသမ ၂၉ လက်မ

သထုံ
၃ ဒသမ ၉၈ လက်မ

ကိုကိုးကျွန်း
၃ ဒသမ ၆၂ လက်မ

တောင်ကုတ်
၃ ဒသမ ၃၁ လက်မ

ကျောက်ဆည်
၂ ဒသမ ၂၁ လက်မ

မကွေး
၁ ဒသမ ၃၈လက်မ